
တထ်ဝဝတ်


mgyoe.com

# ရွှေဥဒေါင်း
## ဟစ်တလာလုပ်ခဲ့သမျှ



mgyoe.com

ပြန်လည်ရိုက်နှိပ်



SOD0053
1,800.00 KS

mgyoe.com

ထုတ်ဝေသူ-ဦးကျော်ကျော်ဝေ၊ ရွှက်စိမ်းစာပေ၊ (၀၀၀၄၇)
လမ်းမတော်၊ရန်ကုန်။
ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ (၀၀၄၁၃)
အမှတ်-၁၁၇၉၊မစိုးရိမ်လမ်း၊ကံဘဲ့၊ရန်ကင်း။
၂၀၁၆၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ် ၅၀၀၊
၁၉၆၈ လင်းယုန်စာပေ၏ ဒုတိယအကြိမ်မှု၊

တန်ဖိုး-၁၈၀၀ ကျပ်

mgyoe.com

mgyoe.com


# ဟစ်တလာလုပ်ခဲ့သမျှ

## ရွှေဥဒေါင်း

မြန်မာပြန်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# မာတိကာ


|  |  |  |
|---|---|---|
|  | – ထုတ်ဝေသူအမှာ | က |
|  | – စာရေးသူအမှာ | င |
| ၁။ | အခန်း (၁) | ၁ |
|  | (၁) ဟစ်တလာ၏မျိုးရိုးဗီဇ | ၁ |
|  | (၂) ဟစ်တလာ၏စိတ်နေသဘောထား | ၄ |
|  | (၃) ဟစ်တလာ၏အနေအထိုင် | ၇ |
| ၂။ | အခန်း (၂) | ၁၁ |
|  | (၁) နာဇီဂိုဏ်း၏ သဘောအခြေအမြစ်တည်ပုံ | ၁၁ |
|  | (၂) နာဇီဂိုဏ်း၏နောက်ထောက်များ | ၁၃ |
|  | (၃) ဟစ်တလာသည် အဘယ့်ကြောင့် ထမြောက်အောင်မြင်သနည်း | ၁၄ |
| ၃။ | အခန်း (၃) | ၁၉ |
|  | (၁) လူတစ်မျိုးကို အောင်မြင်နိုင်နင်းခြင်း | ၁၉ |
|  | (၂) ပြည်နယ်များလျော့ကျခြင်း | ၂၄ |
|  | (၃) တိုင်းသူပြည်သား၏အသံ | ၂၆ |


mgyoe.com

mgyoe.com


၄။ အခန်း (၄) နာဇီပါတီဖြစ်ပေါ်လာခြင်း ၂၈

(၁) တစ်ဆင့်မှတစ်ဆင့်သို့ တက်လာပုံ ၂၈

(၂) အာဏာလက်ကိုင်ရသောအခါတွင် ပါတီစီမံပုံ ၃၀

(၃) အပြန်အလှန်ချုပ်ချယ်ထားပုံ ၃၂

(၄) ပါတီနှင့်အစိုးရ ၃၆

(၅) ပါတီနှင့်အစိုးရအမှုထမ်းများ ၃၇

(၆) ဒေသန္တရအဖွဲ့များ ၄၀

၅။ အခန်း (၅) ရုပ်ညိုများစန်းမိုန်ခြင်း ၄၂

(၁) ရုပ်ညိုများနှင့် ရုပ်နက်များ ၄၂

(၂) ရုပ်ညိုများခေတ်ကုန်စပြုပုံ ၄၄

(၃) မှတ်သားလောက်သော ဇွန်လ ၃၀ ရက်နေ့ ၄၉

၆။ အခန်း (၆) စစ်တပ်နှင့် ဟစ်တလာဝါဒဆက်သွယ်ပုံ ၅၇

(၁) ဟစ်တလာနှင့်စစ်တပ် ၅၇

(၂) စစ်တပ်ကို အသစ်တည်ထောင်ခြင်း ၆၀

(၃) ဂိုရင်းနှင့် လေကြောင်းတပ် ၆၇

(၄) စစ်သင်္ဘောတပ်သစ် ၇၁

၇။ အခန်း (၇) နာဇီဝါဒနှင့် စီးပွားရေးဆက်သွယ်ပုံ ၇၄

(၁) လိုသမျှ ပစ္စည်းကို ပြည်တွင်းသို့ ပြည့်စုံအောင် စီမံသောစနစ် ၇၄

(၂) နိုင်ငံခြားနှင့် ကုန်သွယ်ရေးပြဿနာ ၇၇

(၃) ဂျာမန်ကုန်စည်များဝယ်မည့် ဈေးများရှာဖွေရေး ၈၀


mgyoe.com

mgyoe.com


၈။ အခန်း (၈) ဘဏ္ဍာရေးဘက်၌ မျက်လှည့်ပြခြင်း ၈၃
(၁) မတ်ဒဂ်ါး၏တန်ဖိုးပြောင်းလဲပုံ ၈၃

၉။ အခန်း (၉) နာဇီဝါဒနှင့် လက်မှုစက်မှုလုပ်ငန်းများ ၈၉
(၁) လက်မှုစက်မှုလုပ်ငန်းများ အခြေအနေ ၈၉
(၂) အလုပ်သမားများ၏ အခြေအနေ ၉၃

၁၀။ အခန်း (၁၀) အထည်စိမ်းများနှင့်အတုအပများ
ရအောင် ဖန်တီးမှု ၉၆
(၁) လက်မှုစက်မှုလုပ်ငန်းများ၏ အခြေအနေ ၉၆

၁၁။ အခန်း (၁၁) ဒေါက်တာရှပ်နှင့် လက်ဝဲဂိုဏ်းသားများ ၁၀၄

၁၂။ အခန်း (၁၂) လယ်ယာစိုက်ပျိုးရေးဘက်၌အဖျားရှူးသွားပုံ ၁၀၉
(၁) စားနပ်ရိက္ခာအတွက် စီမံခြင်း ၁၁၂
(၂) စိုက်ပျိုးရေးစီမံကိန်း၏အကျိုးများ ၁၁၃

၁၃။ အခန်း (၁၃) လူငယ်များနှင့်ပတ်သက်သောစီမံကိန်း ၁၁၆

၁၄။ အခန်း (၁၄) အလုပ်ကြမ်းလေ့ကျင့်ရာဌာန ၁၂၀

၁၅။ အခန်း (၁၅) အလုပ်သမားများ၏အစည်းအရုံး ၁၂၇

၁၆။ အခန်း (၁၆) လူဦးရေတိုးတက်အောင်စီမံကိန်း ၁၃၁


mgyoe.com

mgyoe.com


၁၇။ အခန်း (၁၇) အလုပ်လက်မဲ့များအတွက် စီမံကိန်းများ ၁၃၆
(၁) အများနှင့်ဆိုင်သော အဆောက်အဦကြီးများ ၁၃၆
(၂) မော်တော်ကားလမ်းကြီးများ ၁၃၇

၁၈။ အခန်း (၁၈) လူတစ်မျိုးလုံးစိတ်ကို ညှို့ထားပုံ ၁၄၁
(၁) ပုံနှိပ်တိုက်သားများ ၁၄၁
(၂) ပညာသင်ကြားရေး ၁၄၈

၁၉။ အခန်း (၁၉) ရဟူဒီများ၏အခြေအနေ ၁၅၁

၂၀။ အခန်း (၂၀) ဆွာစတိကနှင့် လက်ဝါးကပ် ၁၅၈

၂၁။ အခန်း (၂၁) ဥပဒေကိုနိုင်ငံရေးလက်နက်သဖွယ် အသုံးပြုခြင်း ၁၆၅

၂၂။ အခန်း (၂၂) ဂျာမနီ၏နိုင်ငံခြားရေးစနစ် ၁၇၃
(၁) စနစ်ခြင်း အတိုက်အခံဖြစ်နေကြပုံ ၁၇၃
(၂) နိုင်ငံခြားစနစ်နှင့်ပတ်သက်၍ အရေးကြီးသော အဖြစ်အပျက်များ ၁၇၆

၂၃။ အခန်း (၂၃) ပျောက်ဆုံးနေသော ဂျာမန်များ ၁၈၄

၂၄။ အခန်း (၂၄) ရောမဘာလင်ဝင်ရိုးကြောင်း ၁၈၇

၂၅။ အခန်း (၂၅) ကိုလိုနီနိုင်ငံများ ပြဿနာ ၁၉၁

၂၆။ နိဂုံး ၂၀၁


■

mgyoe.com

mgyoe.com

# ထုတ်ဝေသူအမှာ

ယင်း "ဟစ်တလာလုပ်ခဲ့သမျှ" စာအုပ်သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ စစ်ကြိုခေတ် နဂါးနီစာအုပ်တိုက်မှ လက်ရွေးစင်စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ချိခဲ့သော စာအုပ်ဖြစ်ပေသည်။

မြန်မာနိုင်ငံအဖို့ အလွန်အရေးကြီးနေသော အချိန်က၊ နိုင်ငံရေးအရလည်းကောင်း၊ တိုင်းပြည်နှင့်လူထုအတွက်လည်းကောင်း၊ အထူးတန်ဖိုးရှိလှသော ယင်းစာအုပ်ကို ဆရာကြီးရွှေဥဒေါင်းက တာဝန်သိသိ မြန်မာပြန်ခဲ့ခြင်းဖြစ်ပေသည်။

ယင်းခေတ်သည် နှစ်ပေါင်းတစ်ရာကျော်မျှ မြန်မာနိုင်ငံအား လာရောက်ကျူးကျော် အုပ်စိုးနေသော ဗြိတိသျှနယ်ချဲ့သမားကို ပြည်သူလူထုက ဆန့်ကျင်တိုက်ခိုက်နေချိန် အမျိုးသားလွတ်မြောက်ရေး အတွက် တိုက်ပွဲဝင်ရန် တာဆူနေချိန်လည်းဖြစ်လေရာ တိုးတက်သော ပညာတတ်နိုင်ငံရေးသမားတစ်စုသည် မြန်မာပြည်နိုင်ငံရေးသမိုင်းတွင် အရေးပါသော အခန်းက ပါဝင်ကပြခဲ့သော "နဂါးနီ" စာအုပ်တိုက်နှင့် အသင်းကို တည်ထောင်ခဲ့ကြလေသည်။

mgyoe.com

mgyoe.com


နဂါးနီစာအုပ်တိုက်သည် အထူးသဖြင့် တိုင်းပြည်အတွက် အကျိုးရှိသော နိုင်ငံရေးစာအုပ်များကိုသာ ထိပ်တန်းဦးစားပေးထုတ်ဝေဖြန့်ချိခဲ့ပေသည်။

ယနေ့ အသက်လေးဆယ်ကျော်အထက်ရှိ နိုင်ငံရေးသမားများ၊ အစိုးရ အမှုထမ်းအရာထမ်းများ၊ စီးပွားကုန်သွယ်ရေးသမားများနှင့် အလွှာအသီးသီးရှိ လူထုသည်၊ ဖော်ပြပါ နဂါးနီစာအုပ်တိုက်နှင့် ယင်းတိုက်ထုတ်စာအုပ်များကို ပြုစုခဲ့သူ၊ မြန်မာပြန်ခဲ့သူ၊ စာရေးဆရာကြီးများ၏ ကျေးဇူးမကင်းခဲ့ကြပါပါဟုဆိုပါလျှင် မှားနိုင်အံ့မထင်ပေ။

စစ်ကြိုခေတ်က လူငယ်ကလေးများသာဖြစ်ခဲ့ကြသော ကျွန်တော်တို့တစ်တွေမှာ ယင်းတိုက်ထုတ် စာအုပ်များကိုဖတ်၍ တိုင်းပြည်ချစ်စိတ်၊ တိုင်းပြည်အတွက် အသက်စွန့်လိုစိတ်များ တဖွားဖွား တက်ကြွခဲ့ကြရသည်မှာ လက်တွေ့ဖြစ်ပါသည်။

၁၉၃၉ ခုနှစ်တွင် ဖက်ဆစ်နာဇီဂျာမနီဦးဆောင်၍ ဒုတိယကမ္ဘာစစ်မီးကို ဥရောပတွင် စတင်မီးမွှေးခဲ့ပေသည်။ အာရှတိုက်တွင်လည်း နာဇီဂျာမနီ ဖက်ဆစ်အီတလီတို့၏ မဟာမိတ် ဖက်ဆစ်ဂျပန်က အာရှနိုင်ငံများကို ကျူးကျော် သိမ်းပိုက်ရန် တာဆူကြိုးပမ်းနေချိန်ဖြစ်ရာ မြန်မာနိုင်ငံအဖို့လည်း နိုင်ငံရေးအရ အလွန်အရေးကြီးသော အချိန်ဖြစ်ခဲ့ရပါသည်။

ပြည်သူလူထုအများစုသည် နှစ်ပေါင်းများစွာ ဖိနှိပ်အုပ်စိုးနေသော ဗြိတိသျှနယ်ချဲ့သမားကိုသာ အဓိက ရန်သူအဖြစ် ဦးတည်ဆန့်ကျင်နေချိန်ဖြစ်ပြီး၊ ပိုမိုဆိုးဝါးသော ဖက်ဆစ်ဂျပန်အန္တရာယ်ကို မမြင်ခဲ့ကြသေးပေ၊အလွန်ဦးရေနည်းပါးသောပညာတတ်နိုင်ငံရေးသမားအချို့သာလျှင် ဖက်ဆစ်ဂျာမနီ၊ အီတလီ၊ ဂျပန်တို့၏အန္တရာယ်ကို နိုင်ငံရေးအရမြင်ခဲ့ကြပြီး အဓိကကမ္ဘာ့ရန်သူအဖြစ်ဖြင့် မြင်ခဲ့ကြပေသည်။

mgyoe.com

mgyoe.com



ထို့ကြောင့် နဂါးနီစာအုပ်တိုက်သည် တိုင်းပြည်အတွက် အရေးလည်းကြီးခေတ်နှင့်လည်း ကိုက်ညီလှသော ဖက်ဆစ်ဝါဒနှင့်ပတ်သက်သော စာအုပ်အချို့ကို ၁၉၃၉ ခုနှစ်မှစ၍ စစ်ဖြစ်သည်အထိတတ်နိုင်သမျှ ထုတ်ဝေဖြန့်ချိခဲ့သည်ကို မှတ်မိပါသည်။

အထူးသဖြင့် "ဂျပန်သူလျှို ဟာစ်တလာလုပ်ခဲ့သမျှ" ဒီးဒုတ် ဦးဘချို၏ တရုတ်ပြည်သွား ခရီးမှတ်တမ်းဟုထင်ရသော စာအုပ်နှင့် အမည်မမှတ်မိတော့သော ဖက်ဆစ်ဝါဒနှင့်ပတ်သက်သော စာအုပ်များကို ထုတ်ဝေဖြန့်ချိနိုင်ခဲ့ခြင်းကြောင့် ဖက်ဆစ်ဝါဒ၏အတွင်းသဘောကို အတော်မြင်ခဲ့ကြရပြီး ဖက်ဆစ်ဂျပန်အပေါ်တွင်လည်းကောင်း၊ ဖက်ဆစ်ဝါဒအပေါ်တွင်လည်းကောင်း၊ အမျှော်လင့်ကြီး မျှော်လင့်မိခဲ့ကြသော စိတ်ဓာတ်များ ကျွန်တော်တို့တိုင်းပြည်တွင် အတော်လျော့နည်းသွားပြီး ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းအတွက်ပင် အထောက်အကူဖြစ်ခဲ့ရပေသည်။

ယနေ့ခေတ်လူငယ်များ၊ နိုင်ငံရေးသမား၊ တိုင်းရေးပြည်ရာများကို လေ့လာဆည်းပူးလိုသူ ပုဂ္ဂိုလ်များအတွက် မလေ့လာ မဖတ်ရှုဘူးသေးသော အလွန်ရှားပါးလှသည့် ယင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိထိုက်သည်ဟု ယုံကြည်ချက်ဖြင့် ထုတ်ဝေလိုက်ရပေသည်။

အထူးသဖြင့် ယင်းစာအုပ်မူပိုင်ရှင် ဆရာကြီးရွှေဥဒေါင်း၏ ခွင့်ပြုချက်ရသဖြင့် ထုတ်ဝေနိုင်ခြင်းကိုလည်း စာရှုသူတို့က ကျေးဇူးတင်ထိုက်လှပေသည်။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာစာ
## (ဤအမှာစာကို ရှေးဦးစွာ ဖတ်ဖြစ်အောင် ဖတ်ပါ)

ရွှေကျောင်းပြောင်ပြောင်၊ ဝမ်းခေါင်ခေါင်ဆိုသောစကားကဲ့သို့ ဟစ်တလာကြောင့် ဂျာမနီပြည်၏ သြဇာတိက္ကမသည် ကမ္ဘာတွင် ကြီးမားလာသလောက် ဂျာမနီလူမျိုးများ၏ လူတန်းစေ့ အခွင့်အရေးများသည် ပိုမိုဆုတ်ယုတ်လာခဲ့ကြလေ၏။ တိုင်းတစ်ပါးသားတို့၏ လက်အောက်ခံဖြစ်သော မြန်မာပြည်တွင် အလုပ်သမားတို့သည် ဓနရှင်များနှင့် မကျေမနပ်ဖြစ်ကြသော်၊ ရှုံးသည် နိုင်သည်ကို အပထား၊ ထိုအလုပ်သမားတို့သည် မိမိတို့မကျေနပ်မှုကိုပြရန်နှင့်မိမိတို့၏လိုလားချက်များကို ဓနရှင်များထံမှ ရရှိနိုင်စေရန် အလုပ်သမားတို့၏တစ်ခုတည်းသော အင်အားဖြစ်သည့် သပိတ်လက်နက်ကို အသုံးပြုနိုင်၏။ ကိုယ့်မင်းကိုယ်ချင်းနိုင်ငံဟု ဆိုအပ်သော ဂျာမနီပြည်တွင် သပိတ်မှောက်ခြင်းသည် ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်ပေ၏။ ထို့ကြောင့် မည်သည့် ဂျာမနီအလုပ်သမားမဆို ဓနရှင်တို့နှင့်မည်မျှပင် မကျေမနပ်ဖြစ်စေကာမူ သပိတ်မမှောက်နိုင်ပေ။

ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံဟုဆိုအပ်သော ဂျာမနီနိုင်ငံတွင် နာဇီ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ကောင်းပါသည်ဟု ထောက်ခံခြင်းမှတစ်ပါး

mgyoe.com

mgyoe.com



တစ်လုံးတစ်ပါဒလောက်မျှ အပြစ်ပြောခွင့်မပြုရာ လက်အောက်ခံနိုင်ငံ ဟုဆိုအပ်သော မြန်မာပြည်မှာကဲ့သို့ အုပ်ချုပ်ရေးမကောင်းကြောင်းကို သတင်းစာမှရေး၊ စင်မြင့်ပေါ်မှ ဟောပြောရုံနှင့် အားမရသေးဘဲ၊ ကန့်ကွက်ပွဲကြီးများကို ဆင်ယင်ကျင်းပခဲ့ပါလျှင် ကျင်းပသူတို့မှာ မီးလောင်တိုက် အသွင်းခံရကောင်းခံရပေလိမ့်မည်။

ဂျာမနီပြည်၏ အတွင်းရေးများကို မျက်မြင်ကိုယ်တွေ့သမား တစ်ဦးက ထုတ်ဖော်ရေးသားထားသော စာအုပ်တစ်အုပ်ထဲတွင် အောက်ပါသတင်းတစ်ရပ်ကို ဖတ်လိုက်ရဖူး၏။

တစ်နေ့သ၌ အဒေါ်ကြီးတစ်ဦးသည် သူ၏တူမတစ်ယောက် နှင့် ဂျာမနီမြို့တစ်မြို့တွင် ဈေးဝယ်ရန်လမ်းလျှောက်၍လာကြလေ၏။ လမ်းတွင် အဒေါ်ဖြစ်သူက သူ၏တူမအား "ဒီနာဇီကောင်တွေဟာ မကောင်းပါဘူး၊ သင်းတို့တက်လာမှ ..." ဟု စကားပြော၍မှ မဆုံးသေးမီ လမ်းတကာ့လမ်း၊ နေရာတကာ့ နေရာတို့တွင် ပျားပန်းခပ်သကဲ့သို့ ခြေရာချင်းထပ်မျှရှိကြကုန်သော နာဇီစုံထောက်အဖွဲ့ဝင်တစ်ဦးသည် နောက်ကနေ၍ အဒေါ်ကြီး၏ ပခုံးကို ဆွဲလိုက်လေ၏။ ရုတ်တရက် ကိုင်ဆွဲလိုက်ခြင်းကို ခံရသဖြင့် အံ့အားသင့်လျက်ရှိသော အဒေါ်ကြီး သည် အံ့အားသင့်နေခြင်းမှ မပြေသေးမီ ထိုစုံထောက်သည် ထိုအဒေါ် ကြီးကို ဆွဲခေါ်သွားပြီးနောက် ထိုကဲ့သို့ သူများသွားရာလမ်းဖြစ်သည့် အချုပ်စခန်းသို့ ပို့လိုက်လေ၏။

မြန်မာပြည်တွင် ကြည့်ချင်သော အရိပ်ပြ ပွဲလမ်းသဘင် စသည်တို့ကို ကြည့်ပါ။ ပွဲလမ်းများ ပြီးလျှင် အချို့နေရာများ၌ အရိပ်ပြ ဖြစ်လျှင် ဂျော့ဘုရင်နှင့် အက်လီဇဘတ်မိဖုရားတို့၏ရုပ်ပုံတို့ကို ပွဲအပြီး တွင် ကားပေါ်၌ ထိုးပြပြီးနောက် "ကျွန်ုပ်တို့၏ဘုရင်ကို ဘုရားသခင် မ,ပါစေသတည်း" ဟူသောတေးကို တီးမှုတ်ကြလေသည်။ အရိပ်ပြ

mgyoe.com

mgyoe.com



မဟုတ်ဘဲ၊ ကပွဲများဖြစ်ခဲ့လျှင် တေးကိုသာ သီဆိုပြီး တီးမှုတ်ကြလေသည်။ ထိုသီချင်းသံကို ကြားလျှင် အင်္ဂလိပ်များနှင့် ဆက်ဆံချင်သူများသည် သီချင်းကို ရိုသေသောအားဖြင့် မတ်တတ်ရပ်၍ အရိုအသေပြုကြရ၏။ အကယ်၍ ထိုသီချင်းကို အရိုအသေမပြုချင်သောကြောင့် ကိုယ့်နေရာတွင် ကိုယ်ထိုင်၍နေသော်လည်းကောင်း၊ ကိုယ့်နေရာမှအခြားသို့ထသွားလျှင်သော်လည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှသင့်ကို လက်ဖျားနှင်ပင် ထိဝံ့မည်မဟုတ်ပေ။ သို့ရာတွင် ဂျာမနီ ပြည်၌ဟစ်တလာကို ကြည်ညိုသည်ဖြစ်စေ၊ မကြည်ညိုသည်ဖြစ်စေ၊ မည်သူမဆို ပွဲပြီး၍ ဟစ်တလာရုပ်ပုံပေါ်လာလျှင် ထပြီး အရိုအသေမပေးဘဲမနေဝံ့ချေ။ ထိုရုပ်ပုံကို အရိုအသေမပြုလိုလျှင် နည်းတစ်နည်းသာရှိလေသည်။ ထိုနည်းသည် အခြားမဟုတ်၊ အရိပ်ပြ ပွဲလမ်းသဘင်အစရှိသည်တို့ကို မကြည့်ဘဲနေခြင်းပင်ဖြစ်လေသည်။ သို့ပင်ဖြစ် လင့်ကစားဟစ်တလာ့ ရုပ်ပုံကို အရိုအသေပေးရမှာ စိုးသောကြောင့် ပွဲမကြည့်ဘဲနေသည့်အကြောင်းကို အစိုးရသိသွားလျှင် ထိုသူမှာ ချမ်းသာလိမ့်မည်မဟုတ်တော့ပေ။

နာဇီအစိုးရသည် တိုင်းသူပြည်သားတို့အား တရားဥပဒေနှင့်အညီအုပ်စိုးခြင်းမဟုတ်ဘဲ လက်နက်အားကိုးနှင့်အုပ်စိုးခြင်းဖြစ်ရကား၊ ဘယ်နေ့တွင် ထိုအစိုးရ၏အင်အားကို ဘယ်သူတွေ တွန်းလှန် ဖြိုဖျက်ပစ်ပါမည်နည်းဟူ၍ အချိန်ရှိသရွေ့၊ ကျီလန့်စားစားသကဲ့သို့ တထိတ်ထိတ်တလန့်လန့် ဖြစ်လျက်ရှိလေ၏။ ထို့ကြောင့် မသင်္ကာသူတွေကိုဖမ်းပြီး အရမ်းကာရော သတ်ဖြတ်နေခြင်းသည် ထိုအစိုးရ၏ကိစ္စကြီးတစ်ရပ်ပင်ဖြစ်လျက်ရှိလေသည်။ ထိုသို့ အရမ်းသတ်ပစ်ရသဖြင့်အကယ်စင်စစ်အပြစ်ရှိသူတွေသာမဟုတ်ဘဲ၊ အပြစ်အလျဉ်း လွတ်ကင်းသူများပါ မကြာခဏ အသတ်ခံကြရလေသည်။ ၁၉၃၆ ခုနှစ်တွင်

mgyoe.com

mgyoe.com


ဟစ်တလာသည် မိမိကို အင်အားစုပေးသော အလုပ်သမားတို့ကို သစ္စာဖောက်ဖျက်၍ ဓနရှင်ကြီးတို့၏ဘက်သို့ပါသွားသောကြောင့်၊ လက်အောက်ငယ်သားတို့သည် ဟစ်တလာအပေါ်တွင် မကျေမနပ်ဖြစ်လျက်ရှိကြကုန်၏။ ထိုမကျေမနပ်ဖြစ်သူများထဲတွင် ဓနရှင်နှင့်မြေပိုင်ရှင်ကြီးများ အကြောက်ဆုံးဖြစ်သောသူမှာ ရိုတွန်ဆိုသူပင်ဖြစ်လေ၏။ ရိုတွန်သည် ဟစ်တလာကို အမြင့်တန်းသို့ရောက်အောင် ပခုံးနှင့်ထမ်းတင်ခဲ့သူဖြစ်လေသည်။ သူ့ဩဇာကြောင့် အလုပ်သမားတို့သည် ဟစ်တလာကို ဝိုင်း၍ ထောက်ခံခဲ့ကြလေသည်။ သူသည် အမြင်ကျယ်သူတစ်ဦးဖြစ်သောကြောင့် ဂျာမန်စစ်ဘက်ဆိုင်ရာဌာနကို လက်ဝါးကြီးမအုပ်နိုင်သေးသ၍ နာဇီတို့၏အင်အားမှာစိတ်မချရသေးကြောင်းကို ကောင်းစွာသိရှိခဲ့၏။ ထို့ကြောင့် ဂျာမန်စစ်ဘက်ဆိုင်ရာဌာနကို နာဇီဂိုဏ်းကလက်ဝါးကြီးအုပ်ရန် သူသည် ဟစ်တလာ့ကို အစဉ်တိုက်တွန်းခဲ့၏။ စစ်ဘက်ဆိုင်ရာဌာနကို လက်ဝါးကြီးအုပ်ထားသော ဓနရှင်ကြီးများနှင့်လယ်ပိုင်ရှင်ကြီးများသည် ထိုအကြောင်းကိုကောင်းစွာသိသဖြင့် ရိုတွန်နှင့် အဖော်တစ်စုတို့၏ မီးကိုမလောင်မီကတားသောအနေနှင့် ၎င်းတို့ကို သုတ်သင်ရန် ဟစ်တလာအား တိုက်တွန်းကြလေ၏။

ဟစ်တလာသည် ဓနရှင်နှင့် လယ်ပိုင်ရှင်ကြီးများနှင့် ပေါင်း၍ မိမိနှင့် လုပ်ဖော်ကိုင်ဖက်တစ်စုကို တရကြမ်း သုတ်သင်ပစ်လေ၏။ ထိုသုတ်သင်ခြင်းကို အကြောင်းပြု၍ ဂျာမနီအရပ်ရပ်ရှိ တောကြောင်များသည်လည်း အနှစ်နှစ် အလလက မိမိတို့နှင့်ရည်းစားလုဘက်၊ ရန်ဖြစ်ဘက်ဖြစ်ကြသော ရန်သူအပေါင်းကို တရကြမ်း သုတ်သင်ကြပြီးလျှင် သူတို့သတ်ပစ်လိုက်သောသူများသည် ရိုတွန်တို့၏ ဂိုဏ်းသားများဖြစ်ကြသည်ဟု အကြောင်းပြကြကုန်၏။ ထိုသူသတ်သမားတို့အား အစိုးရသည် လက်ဖျားနှင့်မျှ မတို့သည်အပြင် တိုင်းပြည်ကြီးကိုကယ်ဆယ်

mgyoe.com

mgyoe.com



သူများပင်ဖြစ်သေးသည်ဟု ချီးကျူးခဲ့သေး၏။

သတင်းစာများအပေါ်တွင်လည်း နာဇီအစိုးရသည် တင်းတင်းကျပ်ကျပ် ချုပ်ချယ်ထားသဖြင့် တိုင်းသူပြည်သားတို့မှာ အစိုးရကပေးသမျှ သတင်းကိုသာ ဖတ်ကြရ၏။ နာဇီအစိုးရဘာလုပ်နေသည်၊ တိုင်းပြည်တွင်ဘာဖြစ်နေသည်၊ စစ်ဖြစ်ခြင်းကြောင့် အလုပ်သမားဆင်းရဲသားများသာ ဓားစာခံဖြစ်၍ ဓနရှင်ကြီးတို့သည် စစ်အပေါ်မှ အမြတ်ငွေတွေ ခွဲယူကြတော့မည် အစရှိသည့် သတင်းမှန်များကို ဘယ်အခါမှ မသိခဲ့ရပေ။ အလွန်ကြီးကျယ်ခမ်းနားသော အလုပ်ရုံကြီးများ၊ အလွန်ကြောက်မက်ဖွယ်ကောင်းသော အမြောက်လုံးကြီးများ၊ အလွန်လျင်မြန်သော ဗုံးကြဲလေယာဉ်ပျံကြီးများ၏ အကြောင်းများလောက်ကိုသာ ဖတ်ရ၍၊ ၎င်းတို့၏ နောက်နားတွင်ကပ်လျက်ရှိသော ငရဲပြည်နှင့်မခြားပြုပြင်ထားသည့် "ကွန်ဆင်ထရေးရှင်းကင့်" ခေါ် အချုပ်ခန်းများ အငတ်ငတ် အပြတ်ပြတ်ဖြစ်နေရရှာသော သန်းပေါင်းများစွာရှိသည့်အလုပ်လက်မဲ့များ၏အကြောင်းကိုမူကား ဂျာမနီပြည်သူပြည်သားတို့သည် ကောင်းစွာ မဖတ်ရ မသိကြရချေ။

ဝမ်းခေါင်ခေါင်ဖြစ်နေသည်ကို မသိရှာကြဘဲ၊ ရွှေကျောင်းကြီးပြောင်နေသည်ကိုသာ သိမြင်ရသဖြင့်၊ သွားရည်ယိုနေကြသောသူ အချို့တို့သည် ဂျာမနီ၏လက်အောက်တွင် နေရလျှင် ကောင်းမလိုလို၊ ထူးမလိုလို၊ထင်ယောင်ထင်မှားဖြစ်လျက်ရှိကြသေး၏။ ကျွန်ုပ်တို့၏နံပါတ်(၁) အလိုဆန္ဒမှာကား လုံးဝလွတ်လပ်ရေးဖြစ်၏။ သို့ရာတွင် လုံးဝ လွတ်လပ်ရေးမရသေးသည့်အခိုက်အတန့်တွင် အိန္ဒိယပြည်၏ခေါင်းဆောင်ကြီးဖြစ်သော ဂျဝါဟာလာ နေရူး ပြောပြသကဲ့သို့ ကျွန်ုပ်တို့သည် ဂျာမနီ၊ အီတလီ၊ ဂျပန်အစရှိသော ဖက်ဆစ်ဝါဒသမားများနှင့်မဆက်ဆံဘဲ၊ဒီမိုကရေစီစနစ်အရအုပ်စိုးလျက်ရှိသော နိုင်ငံများနှင့်သာ ဆက်ဆံလိုပေ၏။

mgyoe.com

mgyoe.com



လွတ်လပ်ရေးလိုချင်သောကြောင့် ထိုဖက်ဆစ်တိုင်းပြည်များကို အားကိုးခဲ့ပါလျှင် ကျားကြောက်လို့ ရှင်ကြီးကိုးရှင်ကြီးကျားထက်ဆိုးနေမည်မှာ မလွဲတော့ပေ။

၁၉၃၉ ခုနှစ်၊ မတ်လက နဂါးနီ၏လက်ရွေးစင်အဖြစ် ဂျာမန်သူလျှိုကို ထုတ်ဝေခဲ့ရာ ဖက်ဆစ်ဝါဒ၏အတွင်းသဘောကိုအတိုင်းသား မြင်ကြရသဖြင့် ဂျပန့်အပေါ်တွင် အမျှော်လင့်ကြီးနှင့် မျှော်လင့်ခဲ့ကြသော စိတ်ဓာတ်တို့ တိုင်းပြည်တွင် အတော်လျော့ကျသွားခဲ့လေသည်။ ဂျာမနီ၊ အီတလီ စသော အခြားဖက်ဆစ်နိုင်ငံများ၏ အတ္ထုပ္ပတ္တိတို့ကိုလည်း ဖော်ပြခြင်းအားဖြင့် ၎င်းတို့၏အတွင်းသဘောကို တိုင်းသူပြည်သားများသိရှိအောင်ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့၌ ရည်ရွယ်ချက်ရှိလေသည်။ ဤရည်ရွယ်ချက်ကို ထမြောက်အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် ဆိုင်ရာတို့နှင့် စီစဉ်လျက်ရှိပေပြီ။

ယခုစာအုပ်တွင် အထက်ပါအချက်များကို မဖော်ပြနိုင်သေးသော်လည်း တိုင်းပြည်တွင် လောလောဆယ်လိုအပ်သော အရေးကိစ္စနှင့် စပ်လျဉ်း၍ နည်းပေးလမ်းပြများပါရှိသည် ဖြစ်ရကား၊ ဤနည်းပေးလမ်းပြများအတွက် ဤစာအုပ်ကို အလျင်စလိုထုတ်ဝေလိုက်ရပေ၏။

## ထိုနည်းပေးလမ်းပြသည် အဘယ်နည်း

အိန္ဒိယပြည်၏ လွတ်လပ်ရေးတိုက်ပွဲတွင် ပုလိပ်တို့၏လက်ချက်ဖြင့် ကျဆုံးသွားရသူ ခေါင်းဆောင်ကြီး လာလာရပ်ချိပွတ်ရေးသည် အိန္ဒိယပြည်၏နိုင်ငံရေးကို ကိုယ်ထိလက်ရောက်ဝင်၍ မဆောင်ရွက်သေးမီက ဥရောပတိုက်နှင့် အမေရိကန်ပြည်တို့တွင် လှည့်လည်လျက်ရှိလေသည်။ တစ်နေ့သ၌ မိမိ၏လုပ်ငန်းအစီအစဉ်များကို ရုတ်တရက်ရုပ်သိမ်းလိုက်ပြီးလျှင် အိန္ဒိယပြည်သို့ပြန်ရန် ပြင်ဆင်လေ၏။ အကြောင်း

mgyoe.com

mgyoe.com


ထူးသဖြင့် သူ၏မိတ်ဆွေများက သူ့ကိုမေးမြန်းရာ "အင်မတန်ခိုင်ခံ့အောင်ဖွဲ့စည်းထားတဲ့ အစိုးရနှင့်အားချင်းပြိုင်မယ်ဆိုလျှင် ကွန်ဂရက်ကိုလည်း သူတို့လိုပဲ ခိုင်ခံ့အောင် ဖွဲ့စည်းရလိမ့်မယ်၊ ခုနေအခါ အိန္ဒိယမှာဒီလိုဖွဲ့စည်းဖို့အချိန်ရောက်ပြီ။ ဒီကိစ္စအတွက် ကျုပ်ပြန်တော့မယ်"ဟု ခေါင်းဆောင်ကြီး လာလာရပ်ချိပွတ်ရေးက ပြေကြားခဲ့ဖူးလေသည်။ အိန္ဒိယပြည် ကွန်ဂရက်အဖွဲ့သည် ခိုင်ခံ့တောင့်တင်းလာသလောက် ထိုအဖွဲ့ကို အစိုးရတို့က ပိုမိုရိုသေလာရသဖြင့် ခေါင်းဆောင်ကြီး လာလာရပ်ချိပွတ်ရေး၏စကားတို့သည် မှန်ကန်ကြောင်း ထင်ရှားလျက်ရှိလေသည်။

ဟစ်တလာတို့ လူစုသည် လက်တစ်ဆုပ်လောက်ရှိသောနောက်လိုက်တစ်စုနှင့် နာဇီဂိုဏ်းကို ထူထောင်စဉ်က သူတို့ကို လူမလေးခွေးမခန့်ခဲ့ပေ၊ စိတ်နင်းလမ်းလျှောက်ရာမှာ အစိုးရစစ်သားများက သေနတ်နှင့် ပစ်ခတ်သဖြင့် သေသူ သေကျေသူကျေဖြစ်ခဲ့ရ၏။ ဟစ်တလာကိုယ်တိုင် မြေကြီးပေါ်တွင် ပြားပြားဝပ်နေသောကြောင့် ထိုစဉ်အခါက အသက်ဘေးမှ ချမ်းသာခဲ့လေသည်။ သို့ရာတွင် သူတို့၏အဖွဲ့သည် တစ်နေ့တခြား ခိုင်ခံ့တောင့်တင်းလာသဖြင့် ရှေးကကဲ့သို့ မလေးမခံ့ မလုပ်ဝံ့တော့ဘဲ သမ္မတဗွန်ဟင်ဒင်ဘတ်ကိုယ်တိုင်သူတို့၏ ခေါင်းဆောင် ဟစ်တလာကိုခေါ်၍ အာဏာအပ်နှင်းခဲ့ရလေသည်။

မြန်မာပြည်တွင် ကြည့်ကြဦးစို့၊ တို့ဗမာအစည်းအရုံးခေါ် သခင်အဖွဲ့ကို တည်ထောင်စက အစိုးရကို မဆိုထားဘိ တိုင်းသူပြည်သားအချင်းချင်းကပင် မလေးစားခဲ့ပေ။ ထိုဂိုဏ်း၏ နာယကဖြစ်သူ သခင်ကိုယ်တော်မှိုင်း၏ပြောနေကြဖြစ်သော "အရင်က ဆရာတို့တစ်တွေ မြို့ထဲဝင်သွားပြီဆိုရင် ဝေသာလီပြည်ထဲကို ဘီလူးတွေဝင်တာလို အကုန်လုံး ကြောက်လန့်ပြီး ဘယ်သူ့ကမှ ကောင်းကောင်းလက်မခံရဲ

mgyoe.com

mgyoe.com



ကြဘူး” ဟူသော စကားတို့သည် ထိုစဉ်အခါ သခင်ဂိုဏ်းအပေါ်တွင် ထားရှိသော တိုင်းပြည်၏ စေတနာကို ကွက်ကွက်ကွင်းကွင်း ဖော်ပြခြင်းဖြစ်လေသည်။ တိုင်းသူပြည်သားများကိုယ်တိုင်က မလေးစားခဲ့သောကြောင့် အစိုးရတို့ကလည်း သခင်အဖွဲ့အပေါ်တွင် မလေးစားခဲ့ခြင်းမရှိပေ။ ယခုအချိန်အခါမှကား မည်ကဲ့သို့ပင် ပြောဆိုစေကာမူ အစိုးရနှင့်တကွ အစိုးရ၏လက်ပါးစေတို့၏ အလေးဂရုပြုခြင်း အခံရဆုံးအဖွဲ့မှာ သခင်အဖွဲ့ပင်ဖြစ်လာလေသည်။ မြန်မာပြည်တွင်သာ မကဘဲ အနောက်နိုင်ငံများတွင်လည်း ထိုသခင်အဖွဲ့ကို ဆတက်ထမ်းပိုးတိုး၍ အရေးပေးလျက်ရှိကြရလေသည်။ ထိုအချက်ကိုထောက်၍လည်း “အင်မတန် ခိုင်ခံ့အောင် ဖွဲ့စည်းထားတဲ့ အစိုးရနှင့်အားချင်း ပြိုင်မယ်ဆိုရင် သူတို့လိုပဲ ခိုင်ခံ့အောင် ဖွဲ့စည်းရမယ်”ဆိုသော လာလာရပ်ချိုပွတ်ရေး၏စကားသည် မှန်ကန်လျက်ရှိကြောင်းကို ထပ်လောင်း၍ တွေ့ရပြန်လေသည်။

သခင်အဖွဲ့တစ်ခုတည်းသာမဟုတ် မည်သည့်အဖွဲ့မဆို တိုင်းပြည်ယုံကြည်ခြင်းကိုရအောင်ယူ၍ ခိုင်ခံ့အောင် ဖွဲ့စည်းနိုင်လျှင် ခိုင်ခံ့လာသလောက် တစ်ဖက်မှ အပြိုင်အဆိုင်ဖြစ်သော အစိုးရအဖွဲ့ကသော်လည်းကောင်း၊ အခြားနိုင်ငံရေးအဖွဲ့များကသော်လည်းကောင်း၊ ရိုသေလေးစားလာကြမည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။

ထို့ကြောင့် ခိုင်ခံ့အောင်ဖွဲ့စည်းခြင်းလုပ်ငန်းသည် အခြားအချိန်အခါများထက် ယခုကဲ့သို့ တောမီးလောင်လျှင် တောကြောင်လက်ခမောင်းခတ်ရမည့်အချိန်အခါမျိုးတွင် ပိုမိုအရေးကြီးလာပြီဖြစ်ရာ မိမိတို့၏အဖွဲ့ကို ခိုင်ခံ့အောင်ဖွဲ့စည်းရာ၌ စံနမူနာတင်လောက်သောသူများ၏ စနစ်တို့ကို တိုင်းသူပြည်သားများ အသုံးပြုနိုင်ရန် ဖော်ပြရပေတော့မည်။ “ဖားပြုပ်သည် အလွန်ရုပ်ဆိုးသော သတ္တဝါပင်ဖြစ်

mgyoe.com

mgyoe.com



လင့်ကစား ငှင်း၍ဆေးဘက်ဝင်၍ အလွန်အဖိုးတန်သော ကျောက်ကောင်း တစ်လုံးရှိလေသည်"ဟူ၍ ကမ္ဘာကျော် စာရေးဆရာကြီး ရှိတ်စပီးယား ပြောဖူးသကဲ့သို့ ဂျာမနီတစ်ပြည်လုံးတွင်သာမက ဥရောပတစ်တိုက်လုံး ကို ကြိမ်မီးအုံးသကဲ့သို့ ယူကျုံးမရဖြစ်နေအောင် မကောင်းသောအရာ ဟူသမျှကို ဖန်တီးနေသော အလွန်အရုပ်ဆိုးသည် နာဇီသတ္တဝါ၌လည်း ကျွန်ုပ်တို့၌ ဆေးဘက်ဝင်မည့် ကျောက်ကောင်းတစ်လုံးရှိလေသည်။ ဤကျောက်ကောင်းသည် အခြားမဟုတ်၊ သူတို့၏လက်တွင်းသို့ပြည်သူ့ အာဏာရောက်လာအောင် သူတို့၏အဖွဲ့ကို ခိုင်ခံ့တောင့်တင်းစွာ ဖွဲ့စည်းနိုင်သောစနစ်ပင်ဖြစ်လေသည်။ ဟင်းကိုစားရာ၌ မိမိတို့၏ လျှာပေါ်တွင် အရသာရှိသော အသားကိုသာစား၍ အရိုးကိုထွေးပစ် သကဲ့သို့ ဟစ်တလာလုပ်ခဲ့သမျှထဲမှ မိမိတို့၏တိုင်းပြည်အတွက် အကျိုး ရှိစေမည့် အသားတို့ကိုသာ ရွေးစား၍ နေရေးထိုင်ရေး စားသောက် ရေးတို့တွင် လူတန်းစေ့မနေရရှာသော မြန်မာဆင်းရဲသားအလုပ် သမားများ၏ ချမ်းသာရေးအတွက် ပြည်သူ့အာဏာကို အရယူနိုင်ကြ ပါစေသော်။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

## ၁။ ဟစ်တလာ၏ မျိုးရိုးဗီဇ

ဥရောပတိုက်၌ မိမိတို့ကိုယ်ကို "ဆွေကြီးမျိုးကြီး"ဟူ၍ ဝင့်ဝါတတ်သော လူများသည် မိမိတို့၏ ဆွေမျိုးအစဉ်အဆက်ကို ဘေးဘိုးဘီဘင်မျှတွင်မက နှစ်ပေါင်းလေးငါးရာမျှတိုင်အောင် "ဆွေမျိုး စပ်" နိုင်ကြသည်ဖြစ်ရာ။ ဟစ်တလာမှာမူ ယုံမှားသံသယမကင်းသော အမျိုးအဆက်များကို ထည့်သွင်းဆက်စပ်သည်တိုင်အောင် ခရစ်သက္ကရာဇ် ၁၇၂၅ အထိမျှသာ ဆွေစဉ်မျိုးဆက်ကို ဖော်ပြနိုင်၏။ ဟစ်တလာ၏ ဖခင်မှာ မယားအတော်များသော တောသားဖိနပ်ချုပ်သမားတစ်ယောက်ဖြစ်ရာ နောက်ဆုံး၌ မယား၏ဂုဏ်ဒြပ်ကို အမှီပြု၍ ညစ်တြီးယားပြည်၌ အရာရှိငယ်တစ်ယောက်အဖြစ်သို့ရောက်လာ၏။ ဟစ်တလာမှာ ၎င်းဖခင်၏ တတိယမယားမှ ပေါက်ဖွား၍ ၎င်း၏မိခင်မှာ အစေခံအလုပ်ဖြင့် အသက်မွေးခဲ့ရသူတစ်ယောက်ဖြစ်၏။

ဟစ်တလာ၏ မိခင်သည် ဟစ်တလာအား "လူပေါ့"ဟု ...မှတ်ထား၍ "နှိမ်"လေ့ရှိသည်ဖြစ်ရာ ထိုအခြင်းအရာကို မခံချင်ဟန်

mgyoe.com


တူသော ဟစ်တလာသည် "စိတ်ချဉ်ပေါက်"ဟန်လက္ခဏာနှင့် ကမ္ဘာသူ ကမ္ဘာသားတို့အပေါ်တွင် လက်စားချေလိုသော သဘောမျိုးထားဟန် ရှိ၏။ မိမိ၏ ဆွေမျိုးရင်းချာဖြစ်သော ဩစတြီးယားပြည်သားများကို ကြည့်ရှုစောင်မခြင်းမပြုသည်မှာလည်း ထိုအခြင်းအရာကြောင့်ပင် ဖြစ် တန်ရာ၏။

ကျောင်း၌ရှိစဉ် ဟစ်တလာသည် အခြားသော ကျောင်းသား များနည်းတူ စာပေကို ကြိုးစားသင်အံခြင်းမပြုဘဲ ၎င်းစိတ်ပါဝင်စား သည့် ပထဝီဝင်နှင့် ကမ္ဘာ့ရာဇဝင်တည်းဟူသော ဘာသာနှစ်ရပ်ကိုသာ လျှင် အထူးလေ့လာကျက်မှတ်ခဲ့၏။ အခြားသော ကျောင်းသားများက မြေပုံကို မကြာခဏ ကြည့်လေ့ရှိသော ဟစ်တလာအား လှောင်ပြောင် ပြက်ရယ်ပြုကြသည့်အခါ ဟစ်တလာသည် သူငယ်ချင်းများအား မျက်လုံးပြူးကာကြည့်လျက် "ငါက ဂျာမနီ နယ်နိမိတ်ကို ဖျက်ပစ်ပြီး ကြီးအောင်ချဲ့ပေးမလို့" ကွ .... ကြီးအောင်ချဲ့ပေးမလို့"ဟု မူတည်တည် နှင့် ပြန်ပြောသည်ဟု ကျောင်းသားတစ်ယောက်က ပြောပြဖူးသည်။ စင်စစ်မှာ ဟစ်တလာသည် အလွန်ကြီးကျယ်သော အကြံကြီးများနှင့် စိတ်ကူးယဉ်တတ်သူတစ်ယောက်ဖြစ်၏။

၁၃ နှစ်သားအရွယ်မှ ၁၈ နှစ်သားအရွယ်သို့တိုင်အောင် ဟစ်တလာသည် မည်သည့် ပညာကိုမျှ သင်ကြားလေ့ကျင့်ခြင်းမပြု ခဲ့ဘဲ "လိုဖာ" အလုပ်မျိုးဖြင့် အချိန်ဖြုန်းခဲ့၏။ မကျန်းမာ မသန်စွမ်း သော ကိုယ်ကာယရှိသူတို့၏ ထုံးစံအတိုင်း မိမိကိုယ်ကိုယ် အတော်ပင် အထင်ကြီး၍ သာမည အလုပ်အကိုင်မျိုးနှင့် မတန်ဟူ၍ သဘောပိုက်ခဲ့ ၏။

၁၈ နှစ်သားအရွယ်၌ ဟစ်တလာသည် ဩစတြီးယားပြည် ဗီယာနာမြို့တော်သို့သွား၍ အလုပ်ကြမ်းသမားအဖြစ်နှင့် ဝမ်းစာရှာမှီး

mgyoe.com

ခဲ့၏။ သို့ရာတွင် အလုပ်ကြမ်းကိုလည်းကောင်း၊ အလုပ်ကြမ်းလုပ်ကိုင်သူများကိုလည်းကောင်း စုံမက်ချစ်ခင်ခြင်း မရှိချေ။ နောက်ဆုံး၌ ဟစ်တလာသည် ရဟူဒီများနှင့် အလုပ်ကြမ်းသမားများကို မုန်းတီးသောစိတ်နှင့် ဗီယာနာမြို့တော်မှ ထွက်ခွာလာခဲ့၍ မြူနစ်မြို့သို့ရောက်သွား၏။ ၎င်းမြို့တွင် ကြော်ငြာစာရွက်ကြီးများ အိမ်များနှင့် ပို့စကတ်များကို ဆေးခြယ်ခြင်းအလုပ်ဖြင့် အသက်မွေးခဲ့၏။

၁၉၁၄ ခုနှစ်သည်ကား ဟစ်တလာအဖို့ အကြီးအကျယ် ကော်သောနှစ်ဖြစ်၏။ ယောင်သုံးဆယ်အဖြစ်နှင့် အလုပ်အကိုင် နေရာတကျမရရှိနိုင်ဘဲ တဝဲလည်လည်နေခဲ့ရသော ဟစ်တလာမှာ စစ်ဖြစ်သည်အတွက်ကြောင့် အလုပ်အကိုင်ရ၍ ကျေးဇူးတင်လှသောကြောင့် ဒူးထောက်၍ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းမိကြောင်းနှင့် ရေးသားဖော်ပြဖူး၏။ စစ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ဟစ်တလာသည် ၁၆နံပါတ်ဆာဗေရီယန်စစ်တပ်တွင် အမည်စာရင်းတင်သွင်း၍ ပထမ ရိုင်ပရေစစ်ပွဲမီ စစ်မြေပြင်အရပ်သို့ ထွက်ခွာသွားလေ၏။

စစ်ဖြစ်သော ၄ နှစ်ကျော်အချိန်အတွင်း၌ ဟစ်တလာသည် စစ်ပွဲပေါင်း ၄၈ ပွဲမျှ ပါဝင်တိုက်ခိုက်ခဲ့၏။ စစ်ပွဲများတွင် ရဲရင့်ခြင်းအတွက် တံဆိပ်များရရှိ၍ ထိမှန်သောဒဏ်ရာများ၏ အမှတ်အသားများမှာ ဟစ်တလာ၏ ကိုယ်ကာယတွင် ယနေ့တိုင် တွေ့မြင်နိုင်သေး၏။

စစ်မြေပြင်အရပ်၌ ဟစ်တလာမှာ လူချစ်လူခင်များသူတစ်ယောက်မဟုတ်ချေ။ စစ်သားများသည် ကိုယ့်စိတ်ကူးနှင့် ကိုယ်နေတတ်သော ဟစ်တလာအား ဟန်ကြီးပန်ကြီးရှိသည် ထင်မှတ်ကြရာ အရာရှိများသည်လည်း ပျော်ပျော်ရွှင်ရွှင် ပေါ့လား ဝါးလား နေတတ်သူမျိုးကိုသာလျှင် ချစ်ခင်တတ်သောကြောင့် ဟစ်တလာကို မလိုလားကြချေ။

mgyoe.com

mgyoe.com


မိတ်ဟောင်းဆွေဟောင်းများအပေါ်၌ သစ္စာရှိတတ်သော ဟစ်တလာသည် ကြီးပွားနေသော ယခုအခါ၌ ဆာဂျင်မေဂျာအမန်းဆိုသူမှတစ်ပါး မည်သည့် မိတ်ဆွေဟောင်းကိုမျှ ချီးမြှင့်မြှောက်စားခြင်းမပြုသည်မှာ ဤအကြောင်းကြောင့်ဖြစ်တန်ရာ၏။ အခြားလူများမှာ စစ်အတော အတွင်း၌ ကြီးမြင့်သော ရာထူးများတွင် တိုးမြှင့်ခန့်ထားခြင်းခံရသော်လည်း ဟစ်တလာမှာမူ ၄ နှစ်မျှ စစ်မှုထမ်းပြီးသည့်အဆုံးတွင် လင့်စ်ကော်ပိုရယ်ခေါ် အရာရှိအငယ်စားကလေးအဖြစ်နှင့်သာ ရောင့်ရဲတင်းတိမ်ခဲ့ရ၏။ ၁၉၁၈ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဟစ်တလာသည် မွန်တိန်စစ်ပွဲတွင် ဒဏ်ရာရရှိ၍ ဆေးရုံ၌ ကုသခြင်းခံရသဖြင့် ဒဏ်ရာပျောက်ကင်းပြီးနောက် နိုဝင်ဘာလ ၉ ရက်နေ့တွင် "နိုင်ငံရေးသမားလုပ်ပါတော့မည်" သန္နိဋ္ဌာန်ချလိုက်လေသတည်း။

## (၂) ဟစ်တလာ၏ စိတ်နေသဘောထား

ဟစ်တလာသည် မိမိစိတ်ကူးနှင့် မိမိတွေးတောချင်ရာငေးမောစိတ်ကူးနေတတ်သူတစ်ယောက်ဖြစ်သည့်အတိုင်း ကက်ဘိနက်အစည်းအဝေးများတွင် အရေးကြီးသောကိစ္စများကို ဆွေးနွေးတိုင်ပင်နေကြသည့်အခိုက်အတန့်၌ပင် သူတစ်ပါးတို့ပြောသော စကားများကို နားမကြားသည့်အလား တွေးလိုရာ စိုက်ငေးတွေးတောနေတတ်ကြောင်းနှင့် အကျွမ်းဝင်သူများက ပြောကြဖူး၏။

ရှေးအခါက ခရစ်တော်၏အရိုးဂူကို တူရကီတို့သိမ်းပိုက်ထားစဉ် ဥရောပတိုက်အတိုင်းတိုင်း အပြည်ပြည်လူစွမ်းကောင်း ခရစ်ယာန်များသွားရောက်တိုက်ခိုက်ကြသည့်နည်းတူ၊ ဟစ်တလာသည် ကမ္ဘာသူကမ္ဘာသားများအား ဘိုလ်ရှီဗစ်ဝါဒမှကယ်ဆယ်ပေးရမည့် လူစွမ်းကောင်းတစ်ယောက်ကဲ့သို့ မိမိကိုယ်ကိုယ် မှတ်ယူထား၏။ အင်္ဂရိတ် ထိုးတတ်

mgyoe.com

mgyoe.com


သော လူသာမညတို့သည် ရွေးဖြစ်သည့်အခါ၌ ဘယ်ကဲ့သို့ သုံးစွဲစိမ့်လိုက်မည်ဟု စိတ်ကူးတတ်သည့်နည်းတူ ဟစ်တလာသည် ယူကရိန်းနယ်နှင့်ဆိုင်ဗီရီယာနယ်များကို သိမ်းပိုက်ရရှိသည့်အခါ ကမ္ဘာတစ်ခုလုံးက အံ့သြငေးမောနေလောက်အောင် ဘယ်ကဲ့သို့ ဖန်တီးစိမ့်လိုက်မည်ဟု စိတ်ကူးယဉ်လေ့ရှိ၏။ စိတ်ကူးသည့်အတိုင်း ထုတ်ဖော် ပြောဆိုသည့်အခါ ဂျာမန်လူမျိုးတို့မှာ နားကျောစိမ့်၍ အလွန်တရာ နှစ်သိမ့်ကြည်နူးလေ့ရှိ၏။ ဟစ်တလာသည် လက်ကိုဆန့်တန်း၍ မျက်လုံးများကိုအထက်သို့လှန်ပြီးလျှင် မိမိအား ဂျာမနီပြည်ကြီးကိုပေးအပ်သည့်အတွက် ဘုရားသခင်အား ကျေးဇူးတင်ကြောင်း၊ တိုင်းသူပြည်သားတို့ကလည်း ၎င်းတို့အားကျေးဇူးတင်ကြောင်း၊ တိုင်းသူပြည်သားတို့ကလည်း ၎င်းတို့အား ဘုရားသခင်က မိမိကဲ့သို့သော လူတစ်ယောက်ကို ပေးအပ်လိုက်သည့်အတွက် ကျေးဇူးတင်ထိုက်ကြောင်းနှင့် ပြောဟောလေ့ရှိ၏။

ဟစ်တလာ၏ သတ်ဖြတ်ခြင်းများ၊ ဖိနှိပ်ချုပ်ချယ်ခြင်းများ၊ ထောင်သွင်း အကျဉ်းချထားခြင်းများသည် တိုင်းသူပြည်သားတို့၏ မျက်စိ၌ဟစ်တလာနှင့် ဆက်သွယ်ခြင်းရှိသည်ဟူ၍ မထင်မြင်ကြချေ။ အဆိုပါအပြုအမူများမှာ စစ်ဗိုလ်ကြီး ဂိုရင်၏အလုပ်မျှသာဖြစ်သည်ဟု ၎င်းတို့က သဘောပိုက်ကြ၏။ စိတ်ကူးသမားဖြစ်သော ဟစ်တလာသည် ဂိုရင်နှင့် တွဲဖက်မိသောကြောင့်သာလျှင် နာဇီဝါဒထမြောက်အောင်မြင်ခဲ့ခြင်းဖြစ်၏။ ဟစ်တလာသည် နာဇီအဖွဲ့တည်းဟူသော အမှီကိုမရဘဲ ရပ်တည်ခြင်းငှာ မတတ်နိုင်သည့်နည်းတူ နာဇီအဖွဲ့သည်လည်း ဟစ်တလာကဲ့သို့သော ခေါင်းဆောင်တစ်ယောက်မရှိဘဲ ခိုင်မြဲတည်တံ့ခြင်းငှာ တတ်နိုင်မည်မဟုတ်ချေ။

ဟစ်တလာမှာ အလွန်အမင်းထူးကဲသော အရည်အချင်းမျိုးရှိသူတစ်ယောက်ဟူ၍ မည်သူကမျှ ထောက်ခံပြောဆိုမည်မဟုတ်ချေ။

mgyoe.com

mgyoe.com

လောကဌ် ကြီးကျယ်မြင့်မြတ်သော အခြေအနေသို့ရောက်ရသူဟူသမျှမှာ နိုင်းချိန်စဉ်းစားတတ်သော အရည်အချင်းမျိုးရှိရမည်သာတည်းဟု အင်္ဂလိပ်ပညာရှိကြီး ရက်စကင်က ရေးသားဖူးရာ၊ ဟာစ်တလာမှာမူ ၎င်းအရည်အချင်းမျိုး အလျဉ်းပင်မရှိချေ။ ထိုအကြောင်းကြောင့် ဟာစ်တလာ၏ စိတ်နေသဘောထားနှင့် အရည်အချင်းတို့ကို ခန့်မှန်းသူ ပညာရှိကြီးများမှာ အခက်အခဲတွေ့ကြရ၏။ ဟာစ်တလာ၏ထူးကဲသော သတ္တိတစ်ခုမှာ မိမိကိုယ်ကိုယ် ကမ္ဘာသူကမ္ဘာသားတို့အား ကယ်ဆယ်မည့် ကျေးဇူးရှင်ကြီးသဖွယ် အကယ်မှတ်ထင်၍ လျို့ဝှက်နက်နဲသော ပြဿနာများကို ဘုရားသခင်ကိုယ်တော်ထံမှ တိုက်ရိုက်နည်းအားဖြင့် ညွှန်ပြခြင်းခံရသကဲ့သို့ မှတ်ယူတတ်ခြင်းပင်ဖြစ်၏။

ဟာစ်တလာ၏ စိတ်မှာ သိမ်မွေ့နက်နဲခြင်းမရှိသည့် အလျောက် တိုင်းရေး ပြည်ရေးနှင့် ပတ်သက်သည့် သိမ်မွေ့နက်နဲသော ပြဿနာများကို မိမိနားလည်သလို လွယ်လွယ်နှင့်ရှင်းလင်းလေ့ရှိ၏။ ဟာစ်တလာသည် ထင်ထင်ရှားရှား ရိုးဖြောင့်သူတစ်ယောက်ဖြစ်သည့်အတိုင်း မိမိယုံကြည်သည့်အလျောက် ပြောဆိုလေ့ရှိ၍ မိမိပြောသမျှသောစကား၊ မိမိလုပ်သမျှသော အပြုအမူများတွင် မိမိ၌ရှိသမျှသော စိတ်အင်အားကို သွတ်သွင်းကာပြုလုပ်ပြောဆိုလေ့ရှိ၏။ ထိုကဲ့သို့ စိတ်အားထက်သန်စွာ ပြောဟောတတ်သည့်အတွက်ကြောင့် ၎င်းအား ကြားနာရသူများသည် ရေစီးတွင်မျောပါသွားသည့်အလားကဲ့သို့ ၎င်းယုံကြည်သည့်အတိုင်း ယုံကြည်သောအဖြစ်သို့ရောက်ကြရခြင်းဖြစ်လေသည်။

သို့ရာတွင် ဟာစ်တလာသည် ယနေ့တစ်မျိုးပြော၍ နက်ဖြန်ရောက်သောအခါ တစ်နေရာ၌ တစ်မျိုး ပြင်ဆင်ပြောတတ်သည်ကားမှန်၏။ သို့သော် ထိုကဲ့သို့ ပြောင်းလဲပြောဆိုမိခြင်းမှာ မရိုးဖြောင့်သောကြောင့်မဟုတ်၊ ပြောသော တစ်ခဏ၌ အမှန်ယုံကြည်သည့်အတိုင်း

mgyoe.com

mgyoe.com


ပြောဆို၍ မိမိပြောင်းလဲသည့်အဖြစ်ကို သိဟန်မတူသောကြောင့် မှုသာ ဖြစ်လေသည်။ ၎င်းအား အကြံပေးရသူများသည် နောက်တစ်နေ့ရာ၌ မည်ကဲ့သို့ပြောလိမ့်မည်ဟု မသိနိုင်ကြချေ။ ဟစ်တလာသည် စိတ်အား ထက်သန်သည့်အလျောက် တစ်ခါတစ်ရံ ထင်ရာမြင်ရာ ပြောခဲ့မိသော် လည်း ၎င်း၏မိန့်ခွန်းကို ဂိုဘဲလ်က ခဲတံပြာနှင့် ခြစ်မှတ်ပြင်ဆင်ပြီးမှ သတင်းစာတိုက်များသို့ ပို့ရ၍ သတင်းစာများက ၎င်းပြင်ဆင်ချက် အတိုင်း ထည့်သွင်းရိုက်နှိပ်ကြရလေသည်။

ဟစ်တလာသည် စကားပြောစ အရှိန်မရမီအခိုက်တွင် ထစ် ထစ်ငေါ့ငေါ့ရှိ၍ ရောက်တတ်ရာရာ ဤမှ ထိုမှခုန်လွှားကူးကျော်တတ် သော်လည်း အရှိန်ရ၍ စိတ်အားထက်သန်လာသောအခါတွင်မူကား ကရားမှရေကိုသွန်းလောင်းလိုက်ဘိသကဲ့သို့ တဒေါင်းဒေါင်းနေအောင် ပြောသွားနိုင်၏။ သို့ရာတွင် အရှိန်ပြတ်၍ အဆက်ပြတ်သောအခါများ တွင်မူကား တစ်ခါတစ်ရံ တုံးတိတိနှင့်ပင်ထိုင်ချလိုက်ကာ တစ်ခါတစ်ရံ ၎င်းတီထွင်ထားသော ဆလံပေးနည်းအတိုင်း လက်ကိုဆန့်တန်းကာ ရှေ့သို့ကြောင်တောင်ငေးလျက် စိုက်ကြည့်နေတတ်၏။ ထူးခြားသော အချက်တစ်ခုမှာ ဟစ်တလာသည် "ဆီပွတ်ကျည်ပွေ့"ဟူသော စကား ၏ လေးနက်ခြင်းကို အသိအမှတ်ပြုထားဟန် လက္ခဏာနှင့် အဓိပ္ပာယ် ကို အချိန်အခါတိုင်း၊ နေရာတိုင်း ထပ်ခါထပ်ခါ ပြောဆိုခြင်းအားဖြင့် ကြားနာသူတို့၏စိတ်ထဲတွင် သံမှိုစွဲသကဲ့သို့ မြဲနိုင်သည့်တိုင်အောင် တည်တံ့နေနိုင်စေခြင်းပင် ဖြစ်ပေသတည်း။

## (၃) ဟစ်တလာ၏ အနေအထိုင်

ဟစ်တလာမှာ ခပ်ရိုးရိုးနေထိုင်တတ်သူတစ်ယောက်ဖြစ်သည့် အလျောက် ဘာလင်မြို့တော်၏ နန်းတော်ကြီးအတွင်း နေထိုင်ရခြင်း

mgyoe.com

mgyoe.com


ထက် (ဟာဘက် ဂေဒင်)နယ်ရှိ မိမိပိုင်နေအိမ်အတွင်း နေထိုင်ရခြင်းကို ပိုမိုနှစ်သက်လေ့ရှိ၏။ မိမိပိုင်မြေကွက်အတွင်းရှိ တောင်ကုန်းများ တစ်လျှောက်လမ်းလျှောက်ခြင်း၊ တောလမ်းတစ်လျှောက် မော်တော်ကားဖြင့် လျင်မြန်စွာ မောင်းနှင်သွားလာခြင်း စစ်သင်္ဘောတပ်ဖြင့် အဟုန်ပြင်းစွာ ခုတ်နှင်ခြင်းစသော ပျော်ရွှင်မှုတို့ဖြင့် ဖျော်ဖြေပြီးနောက် မိမိနေအိမ်အတွင်း ရံဖန်ရံခါ တံခါးလုံခြုံစွာ ပိတ်၍ နေထိုင်လေ့ရှိ၏။

အီတလီ အာဏာရှင်မှုဆိုလိုနီကဲ့သို့ သေနတ်ပစ်ခြင်း၊ ရေကူးခြင်းစသော ဖျော်ဖြေမှုတို့၌လည်း ဝါသနာမပါ၊ ကစားခုန်လွှားခြင်းစသော ကိုယ်လက်လှုပ်ရှားမှုတို့၏ တန်ဖိုးကိုလည်း နားလည်ဟန်မရှိသော ဟစ်တလာသည် အိုလံပစ်ပြိုင်ပွဲများတွင် စိတ်အားထက်သန်စွာ စောင့်ကြည့်လေ့ရှိသော်လည်း အဆိုပါ ပျော်ပွဲတို့၏အရသာကို ခံစားတတ်သောကြောင့်မဟုတ်၊ ဂျာမန်လူမျိုးများ နိုင်စေလိုမှုအတွက်သာလျှင် စိတ်အာရုံစူးစိုက်ကာ ကြည့်ရှုနေခြင်းဖြစ်၏။

မိန်းမများနှင့် ဟစ်တလာဆက်ဆံပုံအကြောင်းအရာများမှာ စာဖွဲ့လောက်အောင် မရှိလှချေ။ နာဇီဝါဒဖြန့်ဖြူးရေးဆိုင်ရာ ရုပ်ရှင်ကားများကို ကြီးကြပ်စီမံရသည့် ရုပ်ရှင်မင်းသမီးတစ်ယောက်နှင့် ဟစ်တလာ၏အမည်ကို ပူးတွဲဖော်ပြခြင်း၊ ဟစ်တလာ၏ အသရေကို ဆယ်ပေးရန်အတွက် ဟစ်တလာ၏ လူယုံတော်တစ်ယောက်က မိန်းမတစ်ယောက်ကို လက်ထပ်ယူရသည်ဆိုခြင်း၊ ဟစ်တလာ၏တူမတစ်ယောက်သည် ဟစ်တလာ၏ ပွဲ့ပိုးခြင်းကို မခံမရပ်နိုင်အောင်ဖြစ်သည့်အတွက် ကိုယ့်ကိုယ်ကိုယ် သတ်၍ သေရသည်ဆိုခြင်းစသော သတင်းဆိုးများမှာ အလျဉ်းပင် ယုတ္တိယုတ္တာ ကင်းမဲ့လှသဖြင့် မနာလိုသူတို့က အသရေပျက်စေရန် လီဆယ်ရေးသားခြင်းမျှသာဖြစ်သည်ဟုဆိုထိုက်ပေ၏။ ဟစ်တလာမှာ အချို့ လူပျိုကြီးတို့၏ ထုံးစံအတိုင်း မိန်းမများ

mgyoe.com

mgyoe.com


ရှေ့၌ မနေတတ် မထိုင်တတ်ရှိသည်ကား မှန်၏။ သို့ရာတွင် ထိုအချက်ကို အစွဲပြု၍ ဤသူ ထိုသူတို့နှင့် ယှတ်ပတ်ခြင်းငှာ မသင့်ပေ။ စင်စစ်သော်ကား ဟစ်တလာမှာ ဂျာမနီပြည်နှင့် လူသတ္တဝါအပေါင်းတို့ကို ကယ်ဆယ်ရေးအတွက် အကြံဉာဏ်ထုတ်၍ စိတ်ကူးယဉ်လျက်ရှိသူ တစ်ယောက်ဖြစ်သောကြောင့် တချို့က စွပ်စွဲသကဲ့သို့ မိန်းမလိုက်ရန် အချိန်မရှိချေ။

ဟစ်တလာသည် စာဖတ်ခြင်း၌ ဝါသနာပါသူတစ်ယောက်လည်းမဟုတ်။ ၎င်း၏နေအိမ်၌ စာအုပ်များလည်းမရှိချေ။ ၎င်း၌ရှိသော ဗဟုသုတများမှာ ဂိုးဘဲလ် အစရှိသော အခြွေအရံများထံမှ နှုတ်တိုက်ရရှိ၍ ဗဟုသုတကိုလည်းကောင်း၊ ဉာဏ်ပညာကြီးရင့်ခြင်းကိုလည်းကောင်း၊ လိုလားတောင့်တဟန် လက္ခဏာမရှိချေ။ ဉာဏ်ပညာကြီးရင့်၍ စကားပြောကောင်းသူများနှင့် နီးနှော၊ဆက်ဆံရန် အလိုမရှိဘဲ ဝါဒဖြန့်ဖြူးရေးဆောင်ရွက်သူများနှင့် စစ်တိုက်သူများကိုသာ မိတ်ဆွေအဖြစ်နှင့်ပေါင်းသင်းလေ့ရှိ၏။

လူတစ်ယောက်ချင်း စကားပြောရသည့်အခါများတွင် ဟစ်တလာသည် လူတစ်ဖက်သားကို အလွန်လေးစား၍ မိမိ၏စကားတစ်ခွန်းဆုံးသည့်အခါတိုင်း ထိုသူက မည်သို့ပြောရန်ရှိလေသနည်းဟု သိလိုသောသဘောနှင့် စောင့်ဆိုင်းလေ့ရှိ၏။ စစ်သား အစရှိသော တပည့်များ၏ဆလံပေးခြင်းစသော အရိုအသေပြုမှုကို ဘယ်အခါမျှ မထိမဲ့မြင်မနေဘဲ တုံ့ပြန်ကာ အသိအမှတ်ပြုတတ်သည့်ပြင် အလံကိုကိုယ်တိုင် အရိုအသေပြုရန်ကိုလည်း ဘယ်သောအခါမျှ မေ့လျော့ခြင်းမရှိချေ။

ဟစ်တလာမှာ ကိုယ်ရံတော်စစ်တပ်ဖြင့် အစဉ်မပြတ်ခြံရံလျက်ရှိရကား လူတစ်ဦးတစ်ယောက်နှင့်ရင်းနှီးစွာဆက်ဆံရခြင်း မရှိဖူးသလောက်ဖြစ်နေ၏။ မတ်တတ်ရပ်၍ လိုက်နိုင်အောင် အထူးဆောက်

mgyoe.com

mgyoe.com


လုပ်ထားသော မာစီဒီးကားကြီးဖြင့် ခရီးသွားလာစဉ် ရုပ်ညိုခေါ် ကိုယ်ရံတော်စစ်သားများသည် ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း၊ မော်တော်ဆိုင်ကယ်များဖြင့် ညှပ်၍လိုက်ပါကြရ၏။ ဥယျာဉ်အတွင်း၌ လမ်းလျှောက်လျက်ရှိစဉ် စစ်သားများသည် ဥယျာဉ်ပတ်လည်၌ ထူထပ်စွာစောင့်ကြပ်လျက်ရှိရာ တိုင်းသူပြည်သားများအား စကားပြောသောအခါများတွင်လည်း စစ်သားများသည် ၎င်းအား နံရံကြီးသဖွယ် ဝိုင်းရံပိတ်ကာလျက်ရှိကြ၏။

ဟစ်တလာမှာ နဂိုအားဖြင့် မိမိကိုယ်ကိုယ် အထင်အမြင်ကြီးနေရသည်အတွင်း တိုင်းသူပြည်သားများက ဘုရားတစ်ဆူဂူတစ်လုံးလုပ်၍ ကိုးကွယ်ပသခြင်းကို ခံနေရပြန်ရကား သာ၍ အထင်အမြင်ကြီးပြီး ပျက်စီးနေတော့သည်ဟု ဆိုနိုင်လောက်ပေ၏။ လောကကြီး၌ဖြစ်ပျက်နေသမျှသော အခြင်းအရာများအကြောင်းကို အခွေအရံများကပြောပြသည့်အတိုင်းသာလျှင် ကြားသိရရှာတော့၏။ ဟစ်တလာကိုဖြစ်စေ၊ ၎င်း၏အပြုအမူများကိုဖြစ်စေ၊ ဝါဒကိုဖြစ်စေ အပြစ်အနာအဆာဖော်ပြရန်မဆိုထားဘိ၊ စိတ်ထဲ၌ရှိသမျှကိုပင်မည်သူကမျှ အတိအလင်းထုတ်ဖော်ပြောဆိုခြင်းငှာ မဝံ့ချေ။

ဂျာမန်လူမျိုးတို့ကမူ ဟစ်တလာသည် ကောင်းကင်နှင့် တိုက်ရိုက်ကြေးနန်းဆက်သွယ်ထားသကဲ့သို့ သဘောထားကြ၏။ ထူးဆန်းအံ့ဖွယ်ကောင်းလှသော အခြင်းအရာတစ်ခုမှာ ဤမျှလောက် လောကဓာတ်ပညာထွန်းကား၍ ကြီးပွားတိုးတက်ခြင်းရှိနေသော ခေတ်ကြီးတွင် ကမ္ဘာကြီးတစ်ခုလုံးသည် ဤမျှလောက် ကျဉ်းမြောင်းသောစိတ်သဘောရှိသူတစ်ဦး၏ ထင်ရာ မြင်ရာ စီမံခြင်းကို ခံနေကြရတော့မည်ကဲ့သို့ ရှိနေကြရခြင်းပင် ဖြစ်ပေသတည်း။

■

mgyoe.com

mgyoe.com

# အခန်း (၂)

## ၁။ နာဇီဂိုဏ်း၏ သဘောအခြေအမြစ်တည်ပုံ

ကမ္ဘာစစ်ကြီးပြီးသည့် နောက်တစ်နှစ် (၁၉၁၉ခုနှစ်) စက်တင်ဘာလ အလယ်လောက်တွင် အလုပ်လက်မဲ့ဖြစ်နေသော ဩတလီစစ်သားဟောင်းတစ်ယောက်သည် ဂျာမန်အလုပ်သမားများ၏ပါတီခေါ် နိုင်ငံရေးအသင်းကလေးသို့ ကော်မတီလူကြီး နံပါတ် (၇)အဖြစ်နှင့် ဝင်ရောက်လာခဲ့၍ အဒေါ့လီဖ်ဟစ်တလာဟူသောအမည်ဖြင့်စာရင်းတင်သွင်းခဲ့၏။

အသင်းသားများသည် ဟစ်တလာ၏ စကားပြောကောင်းခြင်းကို သိကြသော်လည်း ဟစ်တလာကိုမူကား ချစ်ခင်မြတ်နိုးခြင်းမရှိကြချေ။ သို့ရာတွင် ဟစ်တလာ၏ စိတ်အားထက်သန်ခြင်း အလျောက်အသင်းသားသစ်များပါအောင် ဆွဲငင်နိုင်သော သတ္တိကြောင့် ၎င်းအားအောက်တိုဘာလ ၁၆ ရက်နေ့တွင် ပါတီဝါဒဖြန့်ဖြူးရေးဆောင်ရွက်သူအဖြစ်နှင့် ခန့်ထားကြ၏။ ဟစ်တလာသည် အသင်းဌာနအတွက်အသင်းတိုက်တစ်တိုက်ငှားရမ်း၍ အသင်းနှင့်ဆိုင်ရာကိစ္စများကို လက်ဝါး

mgyoe.com

mgyoe.com


ကြီးအုပ်ကာ စိမ်ခဲ့ရာများမကြာမီအတွင်း အသင်းဥက္ကဋ္ဌ ဒရက်ဆလာ အပေါ်တွင် ဩဇာလွှမ်းမိုး၍ အသင်းတစ်သင်းလုံးကို ထင်သလို ခြယ်လှယ်နိုင်သော အခြေသို့ရောက်လာလေ၏။

၁၉၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အရေးကြီးသော အစည်းအဝေးကြီး ကျင်းပ၍ ဟစ်တလာသည် ဂျာမန်အလုပ်သမားပါတီ၏အချက်ကြီး ၂၅ ချက်ကို ပြဋ္ဌာန်းအတည်ပြုခဲ့လေသည်။ အစည်းအဝေးတွင် အချို့လူများက ဆူဆူညံညံရှိကြသည်အတွက်ကြောင့် ပိပြားသေဝပ်စွာ အုပ်ချုပ်ရေးအတွက် လူငယ်အသင်းသားအချို့ကို ရွေးချယ်၍ အစောင့်အကြပ်များအဖြစ်နှင့် ခန့်ထားကြရ၏။ သို့ဖြစ်၍ ဟစ်တလာသည် အစည်းအဝေးတစ်ခုအတွင်း၌ပင် ပါတီ၏လုပ်ငန်းအစီအစဉ်နှင့်တကွ တပ်အဖွဲ့ကလေးကိုပါ ဖွဲ့စည်းစီမံခွင့်ရရှိသွားလေ၏။ ၎င်းနှစ် ဩဂုတ်လ (၇) ရက်နေ့တွင် ဂျာမန်အလုပ်သမားများ၏ ပါတီဟူသောအမည်ကို ပယ်စွန့်၍ ထိုထက်ခံ့ညားသော အမည်တစ်ခုဖြင့် ပြောင်းလဲခေါ်တွင်စေပြီးလျှင် ရဟူဒီများကို အစဉ်မပြတ်ဖိနှိပ်ရေးသားလေ့ရှိသော သတင်းစာကလေးတစ်စောင်ကို ဝယ်ယူ၍ ပါတီသတင်းစာအဖြစ်နှင့် ရိုက်နှိပ်ဝေငှခဲ့ကြ၏။ ၎င်းသတင်းစာကိုမူ အသက် ၂၀ ခန့်မျှသာရှိသေးသည့် ဟာပင်အက်ဆာအမည်ရှိ အသင်းသားလူငယ်တစ်ယောက်အား စီမံအုပ်ချုပ်ရန် လွှဲအပ်ကြလေသည်။

၁၉၂၁ ခုနှစ်ဦးတွင် ၎င်းအသင်းမှာ အသင်းသား ၃၀၀၀ကျော်မျှ ပါဝင်သော အသင်းကြီးအဖြစ်သို့ရောက်လာ၍ ဗဟိုဌာနအဖြစ် ဂျာမနီပြည်တောင်ပိုင်းရှိမြို့များတွင် ဌာနခွဲများပင် တည်ထောင်နိုင်ကြလေသည်။ ထိုအချိန်အခါက ဂိုရင်နှင့် ဂိုဘဲလ်တို့မပေါ်ထွန်းသေးသည်ဖြစ်၍ အက်ကက်ဆိုသူပင်အတွင်ကျယ်ဆုံး စခန်းသွားလျက်ရှိသေး၏။ အက်ကက်၏သဘောထားမှာ မိမိကိုယ်တိုင် (၁) နံပါတ် ခေါင်းဆောင်

mgyoe.com

mgyoe.com


အဖြစ်သို့ရောက်အောင် မစွမ်းဆောင်နိုင်သော်လည်း မိမိလောက် အရည်အချင်းမရှိသူတစ်ယောက်ကို ခေါင်းဆောင်အရာ၌ တင်မြှောက်၍ ဂျာမနီပြည်ကြီး၏ ကံကြမ္မာကို အသစ်ဖန်တီးနိုင်လိမ့်မည်ဟု မှတ်ယူဟန်လက္ခဏာရှိ၏။

## (၂) နာဇီဂိုဏ်း၏နောက်ထောက်များ

ကမ္ဘာ့စစ်ကြီးအတွင်း၌ ဂျာမန်လူမျိုးများသည် ငတ်မွတ်ခေါင်းပါးခြင်း၊ ဝိုင်းရံပိတ်ဆို့ခြင်း၊ လူနှစ်သန်းခန့်သေဆုံးရခြင်းစသော ဘေးအန္တရာယ်များကို ကြုံတွေ့ခဲ့ရပြီးနောက် စစ်ကြီးပြီးစီး၍ အိမ်သို့ပြန်ကြရသောအခါတွင်လည်း လမ်းပေါ်တွင် မိမိတို့အချင်းချင်း တိုက်ခိုက်ရခြင်း၊ မိမိတို့ပြည်နယ်အတွင်းသို့ ရန်သူများဝင်ရောက်ခြင်း၊ လျော်ကြေးပေးရခြင်း၊ ကိုလိုနီနိုင်ငံများဆုံးရှုံးခြင်း၊ ဂျာမန်ဦးရေ ဆယ်သန်းခန့်မျှအသင်းခွဲထုတ်ခံရခြင်း အစရှိသည့် နှလုံးမသာယာဖွယ် အခြင်းအရာများနှင့် ကြုံတွေ့ကြရကား လူတစ်မျိုးလုံးမှာ စိတ်ကျေကိုယ်ပန်းဟူသော စကားကဲ့သို့ အလွန်နွမ်းနယ်သောအဖြစ်မျိုးသို့ ဆိုက်ရောက်နေကြရ၏။ ရှေ့အဖို့ မျှော်လင့်ရန်မှာလည်း ကမ်းမမြင်လမ်းမမြင်ရှိနေကြတော့၏။ ထိုအခါက ရှိနေသော သမ္မတအုပ်ချုပ်ခြင်းစနစ်မှာလည်း လူတစ်မျိုးလုံးကို တပေါင်းတစည်းတည်း ပေါင်းစည်းမိလောက်အောင် ခိုင်ခံ့တည်တံ့ခြင်း အလျဉ်းမရှိခဲ့ချေ။ အံ့သြဖွယ်ကောင်းသော အခြင်းအရာမှာ ဤမျှလောက် မျှော်လင့်ခြင်း ကင်းမဲ့လောက်အောင်ရှိနေသော အခြေအနေမှ ယခုတွေ့မြင်ကြရသော အခြေအနေသို့တိုင်ရောက်လာနိုင်သေးခြင်းပင် ဖြစ်ပေသည်။

ဟစ်တလာသည် ချန်ဆလာအဖြစ်သို့ရောက်အောင် လှော်ခတ်ရာ၌ ဘရုနင်၏နည်းစနစ်ကို အသုံးပြုခဲ့၏။ သို့ရာတွင် ဘရုနင်မှာမူ

mgyoe.com

mgyoe.com


ချန်ဆလာဖြစ်ပြီးသည့်နောက် မိမိ၏အရည်အချင်းကို လူသိအောင် ကြော်ငြာရန်လည်း နားမလည်၊ တိုင်းသူပြည်သားတို့၏ စိတ်ဓာတ်ကို လှုပ်ရှားထကြွအောင် လှုံ့ဆော်ပေးရန်လည်း နားမလည်ချေ။ ဟစ်တလာမှာ ဘရုနင်၏နည်းစနစ်အရ ချန်ဆလာဖြစ်အောင် ကြိုးစားခဲ့ပြီးနောက် ဘရုနင်၌လိုနေသော အရည်အချင်းများဖြင့် ဆက်လက် လော်ခတ်ခြင်းအားဖြင့် အာဏာရှင်အဖြစ်သို့ ဥပဒေစည်းကမ်း နည်းလမ်းအတိုင်း တက်ရောက်ခဲ့သူဖြစ်လေသည်။

ဟစ်တလာမှာ ဘရုနင်ထက် အရည်အချင်းအားဖြင့် ညံ့ဖျင်း၏။ ဟစ်တလာ၏ ထမြောက်အောင်မြင်ခြင်းမှာ လူသာမန်တို့ထက် ထူးကဲသော အရည်အချင်းနှင့် ပြည့်စုံသောကြောင့်မဟုတ်၊ လူသာမန်ထဲက တစ်ယောက်ဖြစ်သည့်အလျောက် လူသာမန်တို့၏ စိတ်နေသဘောထားကို (ကိုယ်ချင်းစာခြင်းအားဖြင့်) သိသောကြောင့်မျှသာဖြစ်လေသည်။ မျှော်လင့်ခြင်းကင်းမဲ့လျက်ရှိသော ဂျာမန်လူမျိုးများအား ဟစ်တလာက ထကြလော့ ငါနှင့်အတူလိုက်ခဲ့ကြလော့ သင်တို့ကောင်းစားအောင် ငါကြံဆောင်ပေးအံ့ဟု ပြောလိုက်ရာတွင် ဝေါခနဲထ၍ လိုက်ကြသဖြင့် ဂျာမန်တစ်မျိုးလုံး ဟစ်တလာ၏နောက်လိုက်ဖြစ်ကြပြီးလျှင် အာဏာရှင်အဖြစ်သို့ နေ့ချင်း ညချင်းရောက်သွားခဲ့လေသည်။

## (၃) ဟစ်တလာသည် အဘယ်ကြောင့် ထမြောက်အောင်မြင်သနည်း။

ဂျာမန်လူမျိုးများသည် အင်္ဂလိပ်လူမျိုး သို့မဟုတ် အမေရိကန်ပြည်သားများကဲ့သို့ လူအချင်းချင်း တူမျှသည်ဟူသော ဝါဒမျိုးကို အလိုမရှိ။ အဟုတ်တကယ် အစွမ်းကောင်းသော လူတစ်ယောက်က ရှေ့မှ ခေါင်းဆောင်နိုင်လျှင် နောက်ကလိုက်ရန်သာ အလိုရှိကြ၏။

mgyoe.com

mgyoe.com


စစ်ကြီးပြီးစီး၍ ဒုက္ခဆင်းရဲအမျိုးမျိုးနှင့်တွေ့ကြုံခိုက်တွင် ခေါင်းဆောင်ကောင်းကို မျှော်လင့်တောင့်တလျက်ရှိကြ၏။ ဟစ်တလာသည် ဂျာမန်လူမျိုးတို့၏ ဆင်းရဲဒုက္ခများကို လေးနက်သည်ထက် လေးနက်စေခြင်းငှာ တမင်သတိဖော်ပေး၍ အခုဆင်းရဲသလောက် နောင်ကောင်းစားစေရမည်ဟူသော ကတိမျိုးပေးခြင်းအားဖြင့် လူတစ်မျိုးလုံးကို ခေါင်းဆောင်သွားခဲ့၏။ "အသစ်မွေးဖွားသော ဂျာမနီပြည်သည် ညဥ့်မှ နေ့သို့ကူးပြောင်းလာသော ဂျာမနီပြည်" အစရှိသည့်လူတိုင်းနားလည်သော စကားလုံးများကို ထပ်ခါ ထပ်ခါသုံး၍ လူအများ၏စိတ်ထဲ၌စွဲမြဲလျက်အမြစ်တွယ်နေသည့်တိုင်အောင် အဖန်တလဲလဲဟောပြောလေ့ရှိ၏။ ထိုစကားများသည် အခြားလူမျိုးအတွက် လေးနက်ခြင်းမရှိလှသော်လည်း အမျိုးမျိုးသော ပင်ပန်းဆင်းရဲခြင်းတို့နှင့် ကြုံတွေ့လျက်ရှိသော ဂျာမန်လူမျိုးတို့အတွက်မှာမူ ထ၍ ခုန်ပေါက်မြူးထူးချင်သလို ဖြစ်သွားတော့၏။

သို့ရာတွင် ဟစ်တလာထမြောက်အောင်မြင်ခြင်း၏ အကြောင်းရင်းများကို ခွဲစိပ်ဆင်ခြင်သည့်အခါ ၎င်း၏ ထူးထူးကဲကဲ ကောင်းလှသောကံကို ချန်လှပ်ထားခြင်းငှာ မထိုက်ပေ။ စင်စစ်သော်ကား အခြားသောအကြောင်းများသည် မည်မျှပင် ကြီးကျယ်နက်နဲလှသည်ဆိုစေ၊ ၎င်း၏ကံကောင်းခြင်းကို(၁)နံပါတ်အကြောင်းကြီးများတွင် ထည့်သွင်းရေတွက်ရပေမည်၊ ကာလအားဖြင့်လည်းကောင်း၊ ဒေသအားဖြင့်လည်းကောင်း၊ အခြေအနေအားဖြင့်လည်းကောင်း၊ ဟစ်တလာကြီးပွားရေးအတွက် အလွန်တရာ အဆင်သင့်လျက်ရှိရကား၊ အခြားသော အချိန်အခါ၌ဖြစ်စေ၊ အခြားသောဒေသ၌ဖြစ်စေ၊ အခြားသောအခြေအနေမျိုး၌ဖြစ်စေ၊ ဟစ်တလာကိုယ်တိုင် နောက်တစ်ကြိမ် ထပ်မံ ဆောင်ရွက်စေကာမူလည်း မည်သည့်နည်းနှင့်မျှ ယခုအထမြောက်သကဲ့သို့ အထ

mgyoe.com

mgyoe.com

မြောက်နိုင်ဖို့မရှိဟူ၍ ရဲဝံ့စွာထွက်ဆိုနိုင်လောက်ပါပေ၏။ ဟစ်တလာ သည် ယခုမွေးဖွားခြင်းထက် ၁၀ နှစ်ခန့်စော၍ မွေးဖွားသည်ဖြစ်စေ၊ နောက်ကျ၍ မွေးဖွားသည်ဖြစ်စေ၊ ယခုအခြေအနေမျိုး သို့ရောက်နိုင်ရန် အကြောင်းမရှိတော့ချေ။ ဟစ်တလာ ကြီးပွားခြင်းမှာ ကိုယ်တိုင်ကြံရေး ဖန်ရေး ကောင်းခြင်းထက် ရန်သူများ၏တွက်ကိန်း ချော်ခြင်းကို ပို၍ ကျေးဇူးတင်ရန်ရှိပေသည်။ ဟစ်တလာ၏ကံကောင်းခြင်းကို ထည့်သွင်း ချင့်တွက်ခြင်း မပြုခဲ့ပါမူ ဟစ်တလာ၏ ကြီးပွားခြင်းမှာ ဒဏ္ဍာရီပုံပြင် ဝတ္ထုသဖွယ် မယုံကြည်လောက်အောင်ပင် ရှိပေတော့၏။

ပထမဦး နာဇီဝါဒမှာ ထိုအခါကရှိနေသည့် များစွာသော အခြားပါတီများနှင့် ထူးထူးခြားခြား ကွဲပြားခြင်းမရှိလှချေ။ ရှိနေသော အခြေအနေကို မကျေနပ်ခြင်းမှ အစပြု၍ တိုင်းသူပြည်သားများသည် မိမိတို့အား ချုပ်ချယ်ထားသည့် အနှောင်အဖွဲ့များမှ ရုန်းကန်လွတ် မြောက်လိုသော စိတ်မျိုးဖြစ်ပေါ်လာအောင် နှိုးဆွတိုက်တွန်းခြင်း ခံကြ ရရာမှာ ဟစ်တလာ ဝါဒဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်လေသည်။

မကျေနပ်ဖွယ်သော လက်ရှိ အခြင်းအရာများမှာ ဗာဆေး စာချုပ်၊အလုပ်လက်မဲ့ပြဿနာ စသည်တို့ဖြစ်ရာ ရဟူဒီများကို နှိမ်နင်းရေး ပြဿနာမှာလည်း အခြားသော ပေါ်ပင်ကိစ္စများမရှိသည့်အခိုက်တွင် အခါခပ်သိမ်း ဆွဲထုတ်ဆူပူပေးနိုင်သော ပြဿနာကြီးတစ်ခု ဖြစ်နေ၏။

အခြားသော နိုင်ငံရေးပါတီများသည် အဆိုပါပြဿနာများကို အကြောင်းပြု၍ နှိုးဆွနိုင်ခွင့်ရှိကြသည်မှန်သော်လည်း ဟစ်တလာ သည် မိမိပါတီ၏ တွင်ကျယ်စွာ အလုပ်လုပ်နိုင်သော သတ္တိဖြင့် အခြား ပါတီများကို တွန်းလှန်ဖြိုဖျက်နိုင်ခဲ့လေသည်။ ဆောင်ရွက်သောကိစ္စ တိုင်း၌ အထမြောက်လောက်အောင် ဆက်ခါဆက်ခါ ကံကောင်းခြင်း သည်လည်း အခြားပါတီများကို ချိုးနှိမ်နိုင်သော အကြောင်းတစ်ရပ်

mgyoe.com

mgyoe.com


ဖြစ်ခဲ့၏။ ဟစ်တလာ၏ ကံကောင်းခြင်းကို ဥပမာတစ်ခုပြရသော် ၁၉၂၄ ခုနှစ်တွင် ဟစ်တလာ အမှုဖြစ်၍ စစ်ဆေးခြင်းခံရသောအခါ တရားသူကြီးများသည် ဟစ်တလာအား အခြားတရားခံများနည်းတူ အညာတရ အခြေမျိုးသို့ရောက်အောင် ချိုးနှိမ်နိုင်သော်လည်း ဟစ်တလာအားမူ ၎င်း၏ဝါဒအကြောင်းကို တရားခွင်၌ ပြောပြခွင့်ပြုကြခြင်းအားဖြင့်ထင်ရှားကျော်စောအောင် တမင်ကြော်ငြာပေးသကဲ့သို့ ဖြစ်ခဲ့ဖူး၏။

နာဇီပါတီ ပြင်ဆင်ဖွဲ့စည်းပြီးသောအခါ ၎င်းပါတီသည် အမျိုးသားထူထောင်ရေးကိစ္စကို ဆောင်ရွက်၍ တစ်ခုပြီးတစ်ခု ဆက်ခါဆက်ခါ ပေါ်ပေါက်နေသော အစိုးရအဖွဲ့များကို နေရာတကျ အနှောင့်အယှက်ပေးခြင်းအားဖြင့် တန်ခိုးကြီးသော ပါတီအဖြစ်သို့ရောက်လာခဲ့လေသည်။ ဟစ်တလာ၏ ဝါဒမှာ နေရှင်နယ်လစ်ဝါဒဖြစ်၍ ဆိုရှယ်လစ်ဝါဒနှင့် တစ်ဖက်တစ်လမ်းဖြစ်ခဲ့ဖူးရာ ၁၉၃၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ဆိုရှယ်လစ်ဝါဒသမားများမှာ သုတ်သင်ရှင်းလင်းခြင်း ခံခဲ့ကြရလေသည်။

ဟစ်တလာသည် ဂျာမန်လူမျိုးတို့၏ အထွတ်အထိပ်သို့ရောက်ပြီးနောက် ဆက်လက်၍ တန်ခိုးကြီးလျက် တည်နေနိုင်ခြင်းမှာ အလွန်အမင်း လူချစ်လူခင်ပေါများသောကြောင့်တစ်ကြောင်း၊ တိုင်းသူပြည်သားတို့၏အကျိုးကို အဟုတ်တကယ်လိုလားသည်ဟု နေရာတိုင်း၌ ယုံကြည်စိတ်ချကြသောကြောင့်တစ်ကြောင်းဖြစ်ပေ၏။ စစ်ဗိုလ်ကြီး ဟင်ဒင်ဘတ်မှာ တစ်ခါက လူချစ်လူခင်ပေါများခဲ့ဖူးသည်မှန်၏။ သို့ရာတွင် ဟင်ဒင်ဘတ်၌ လူဒင်ဒေါ့တည်းဟူသော ပြိုင်ဘက်တစ်ယောက်ရှိသေး၏။ ဟစ်တလာမှာမူ ထိုကဲ့သို့ ယှဉ်ပြိုင်နိုင်သူပင်မရှိတော့ချေ။ တိုင်းသူပြည်သားတို့သည် ဟင်ဒင်ဘတ်၌ အပြစ်အနာအဆာဖော်ပြရန် မတတ်နိုင်သည့်နည်းတူ ဟစ်တလာ၌လည်း အပြစ်အနာအဆာဖော်ပြရန်

mgyoe.com

mgyoe.com


မတတ်နိုင်ချေ။ သို့ဖြစ်ရကား ဂျာမနီပြည်၌ အုပ်ချုပ်ရေးစနစ်ပြောင်းလဲခြင်းရှိစေကာမူလည်း ဟစ်တလာမှာ အထွတ်အထိပ်၌ပင် တည်နေနိုင်မည့်လက္ခဏာရှိ၏။

ဂျာမန်လူမျိုးများသည် အင်္ဂလိပ်လူမျိုးများနည်းတူ ကိုယ်စီကိုယ်င လွတ်လပ်ရေးကို အလိုမရှိ၊ တိုင်းပြည်နှင့် အမျိုးသား၌ အကျိုးကျေးဇူးရှိမည်ဟု ယုံကြည်ခဲ့လျှင် ချုပ်ချယ်ခြင်း အမျိုးမျိုးတို့ကို မညည်းမညူသည်းခံနိုင်ကြ၏။ သာမည ဂျာမန်တစ်ယောက်သည် မဲဆန္ဒပေးပိုင်ခွင့်ရှိခြင်းထက် ယူနီဖောင်းအဝတ်ကို ဆလံပေးရခြင်းအား ပိုမိုနှစ်သက်ကြ၏။ “ငါသည် ခွန်အားကြီးသော လူတစ်မျိုးအနက်တွင် တစ်ယောက်အပါအဝင်ဖြစ်သည်”ဟု ပြောရခြင်းကို အလွန်တရာ မြိန်ရှက်မြတ်နိုးကြ၏။ ဂျာမန်လူမျိုးတို့မှာ ရာဇဝင်အားဖြင့်လည်းကောင်း၊ နဂိုသဘောအားဖြင့်လည်းကောင်း၊ အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ရေးအတွက် ဖန်တီးထားသူများဖြစ်ကြလေရာ ဟစ်တလာသည် ဆေးခြယ်သမားအဖြစ်၌ရှိစဉ်ကပင် ထိုအခြင်းအရာကို သိမြင်ခဲ့၏။

အချို့သော နိုင်ငံရေးသမားများသည် အလုပ်သမားများအပေါ်တွင် အခြေခံတည်၍ နိုင်ငံရေးလုပ်ငန်းတီထွင်ကြ၏။ ဟစ်တလာမှာမူ စစ်မှပြန်လာ၍ အလုပ်လက်မဲ့အဖြစ်နှင့် မကျေမချမ်းဖြစ်နေသော စစ်သားဟောင်းများအပေါ်တွင် အခြေခံတည်၍ ဝါဒတီထွင်ခဲ့၏။ ဟစ်တလာ၏ဝါဒမှာ မည်သည့် လူ့အတန်းအစားကိုမျှ ဆန့်ကျင်ဘက်သဘောမထားမူ၍ အတန်းအစား အမျိုးမျိုးမှ လူတိုင်းပါဝင်နိုင်အောင် စီမံခဲ့၏။ ဤသည်ကား ဟစ်တလာ ကြီးပွားခြင်း၏ နက်နဲသောအကြောင်းရင်းတစ်ခုပေတည်း။

■

mgyoe.com

mgyoe.com

# အခန်း (၃)

## ၁။ လူတစ်မျိုးကို အောင်မြင်နိုင်နင်းခြင်း

၁၉၃၃ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ မွန်းတည့်အချိန်တွင် ဟစ်တလာအစိုးရ စတင်ဖြစ်ပေါ်လာခဲ့၏။ ထိုအခါက နိုင်ငံရေးဘက်၌ သြဇာကြီးခဲ့ဖူးသော ဗွန်ပေပင်၏ တွက်ကိန်းမှာ ဟစ်တလာအား "ချန်ဆလာ" ရာထူး၌ ခန့်ထားခဲ့လျှင် မိမိက စိတ်ထင်သလို ကြိုးဆွဲနိုင်၍ နောက်ဆုံး၌ ဟစ်တလာ တိမ်မြုပ်သွားလိမ့်မည်ဟု တွေးထင်ခဲ့၏။ သို့ရာတွင် ဟစ်တလာသည် "ချန်ဆလာ" ရာထူးကို ရရှိသည်နှင့်တစ်ပြိုင်နက် မိမိအားချည်တုပ်ထားသည့် အနှောင်အဖွဲ့များမှ ရုန်းကန်၍ ထွက်ခဲ့ပြီးလျှင် ဗွန်ပေမင် ကိုယ်တိုင်မှာလည်း ဂိုးရင်းနှင့် နိုင်ငံရေးဘက်တွင် ခွန်အားပြိုင်မိ၍ အရေးနိမ့်ပြီးလျှင် သြဇာအာဏာများ လက်လွှတ်သွားလေတော့၏။

ဟစ်တလာသည် ချန်ဆလာအဖြစ်သို့ရောက်သောအခါ တိုင်းပြည်အတွက် ရည်ရွယ်ချက်သုံးခုရှိကြောင်း ကြေညာခဲ့၏။ ၎င်းတို့မှာ (၁) အမျိုးသား ညီညွတ်ပေါင်းစည်းရေး (၂) စီးပွား ဥစ္စာတိုးတက်ရေး (၃) အခြားတိုင်းပြည်များနှင့်ပခုံးချင်းယှဉ်နိုင်အောင်တူညီရေးတို့ဖြစ်၏။

mgyoe.com

ဟစ်တလာသည် အထက်ပါ ရည်ရွယ်ချက်သုံးခုကို လေးနှစ်လုပ်ငန်း အစီအစဉ်ဟူ၍ တီထွင်ပြီးလျှင် ၁၉၃၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ တွင် မည်သည့်အခြေအနေသို့ ဆိုက်ရောက်သည်ကို တိုင်းသူပြည်သား များသို့ တင်ပြပါမည်ဟု ကတိဝန်တာခံခဲ့၏။

ပထမဦး ဟစ်တလာသည် အရေးကြီးသော ရာထူးများကို လက်ကိုင်ရမှုနှင့် ပြည်နယ်များကို ဗဟိုပါလီမန်လက်အောက်ခံဖြစ်မှု တည်းဟူသော ကိစ္စနှစ်ခုကို စတင်ဆောင်ရွက်လေသည်။ ဟစ်တလာ သည် လက်ရှိပါလီမန် (ရိစဘက်)ကို ဖျက်သိမ်း၍ မတ်လ ၅ ရက်နေ့ တွင် ရွေးကောက်ပွဲအသစ်ကျင်းပမည်ဟု ကြေညာခဲ့ရာ ၎င်းအပြုအမူမှာ လက်ရှိစည်းကမ်းဥပဒေများကို မဖောက်ဖျက်ပါဟူသလော ဝန်ခံချက် အတိုင်းလိုက်နာသည်ဟု ဆိုရန်ရှိ၏။ စင်စစ်မှာ ဟစ်တလာသည် ပါလီမန်ကို ယနေ့တိုင် ဆက်လက်တည်ရှိစေသေးသည်ဖြစ်ရာ ၎င်းကို ပြုပြင်ပြောင်းလဲလိုက်ပုံမှာ တစ်ခါတည်း ဖျက်သိမ်းလိုက်ခြင်းထက်ပင် ၎င်းအဖွဲ့ကို စော်ကားရာရောက်နေ၏။

၎င်းနောက် ဟစ်တလာသည် သုတ်သင်ရှင်းလင်းခြင်းအလုပ် ကို စတင်ဆောင်ရွက်လေတော့၏။ ချန်ဆလာအဖြစ်သို့ရောက်ပြီး သည့်နောက် ရက်သတ္တပတ် အနည်းငယ်အတွင်း ခေတ်ကာလနိုင်ငံရေး ရာဇဝင်တွင် တစ်ခါဖူးမျှ မကြုံမတွေ့ခဲ့ရဖူးသည့် ရှင်းလင်းသုတ်သင် နည်းမျိုးဖြင့် အကြီးအကျယ် သုတ်သင်လေတော့၏။ မိမိ၏ထင်မြင် ချက်ကို ထုတ်ဖော်ပြောဆိုဝံ့သူတိုင်းသော်လည်းကောင်း၊ နာဇီဝါဒကို အပြစ်အနာအဆာ ပြောသည်ဖြစ်စေပြုဝံ့သူတိုင်းသော်လည်းကောင်း၊ ရာထူးမှ နုတ်ပယ်ခြင်းခံခဲ့ရ၏။ ဒီမိုကရက်ပါတီဝင်များသော်လည်း ကောင်း၊ကွန်မြူနစ်ဝါဒသမားများသော်လည်းကောင်း၊ဗဟိုဂိုဏ်းသားများ သော်လည်းကောင်း၊ နာဇီဝါဒကို တွန်းလှန်ရန် မကြိုးစားဘဲ အချင်းချင်း

mgyoe.com

mgyoe.com


ရန်ဖြစ်နေခြင်းဖြင့်သာ အချိန်ကုန်လွန်ကြရကား၊ ၎င်းတို့တစ်စုတစ်ဝေး တည်း လျှောကျကုန်ခြင်းမှာ အံ့သြဖွယ်ရာမရှိချေ။

နိုင်ငံရေးသမား လျှောကျခြင်းမှာ မည်သူကမျှ သနားကရုဏာ မရှိကြသော်လည်း နိုင်ငံရေးဘက်တွင် ပါဝင်စွက်ဖက်ခြင်းမပြုခဲ့ဘူးပဲ၊ ရှေးအခါက နာဇီဝါဒကို အပြစ်ဆိုရုံမျှဆိုဖူးသော အရာရှိများပြုတ်ကျ ခြင်းအတွက်ကိုမူ၊ ဟစ်တလာအား အပြစ်ဆိုကြ၏။ စင်စစ်သော်ကား ထိုအခါက ဟစ်တလာ၏ အပြုအမူမှာ နာဇီဝါဒဖြန့်ဖြူးခြင်းထက် မသင့်တင့်သူများအပေါ်တွင် လက်စားချေမှုသာလျှင် ပိုမိုထင်ရှားခဲ့၏။

ရာထူးများမှ မလိုသူများကို နှတ်ပယ်ခြင်းလုပ်ငန်းတွင် ခေါင်းတည်ဆောင်ရွက်သူမှာ ဂိုရင်ပင်ဖြစ်၏။ ဂိုရင်သည် ပရက်ရှား နယ်ကို အုပ်ချုပ်သူအဖြစ်နှင့် ဆောင်ရွက်ခွင့်ရသည်နှင့် တစ်ပြိုင်နက် နာဇီဝါဒကို မလိုလားသည့် ၎င်းနယ်အရာရှိဟူသမျှကို အကုန်အစင် နှတ်ပယ်ပစ်လိုက်၏။ ပုလိပ်အရာရှိ ရာထူးဟူသမျှတွင် နာဇီဂိုဏ်းသား များကိုခန့်ထား၍ အစိုးရကိုအပြစ်ဆိုသော အစည်းအဝေးများကို ဖျက် သိမ်းခြင်း၊ နာဇီဂိုဏ်း အစည်းအဝေးများကို ထမြောက်အောင် ကူညီ အားပေးခြင်း စသော အလုပ်များကို ဆောင်ရွက်စေ၏။ ဂိုရင်က ပုလိပ် အရာရှိများအား အမိန့်ပေးထားပုံမှာ ပစ်သာပစ် နောက်တော့မှ စုံစမ်း မှားခဲ့လို့ရှိလျှင် ငါကာကွယ်ပေးမည်ဟု ပြောလေ့ရှိ၏။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ ဒေါ်တမန်မြို့တွင် ဂိုရင်ပြောဖူးသည့် တစ်ကမ္ဘာလုံး ကျော်ကြားသွားဖူးသော စကားတစ်ခွန်းမှာ "ကျွန်ုပ်၏ ပုလိပ်များ မှားယွင်းသော အမှားများသည်၊ ကျွန်ုပ်၏အမှားများဖြစ်သည်။ သူတို့ ပစ်သော ကျည်ဆန်များသည် ကျွန်ုပ်၏ကျည်ဆန်များဖြစ်သည်" ဟု ဆို၏။ မတ်လ ၁၀ ရက်နေ့၌ အက်ဆင်မြို့တွင် ဂိုရင် ပြောဖူးသော စကားမှာသာ၍ပင် လွန်ကဲသေး၏။ "ကျွန်ုပ် မကြာ မကြာ သေနတ်နှင့်

mgyoe.com

mgyoe.com


ပစ်သတ်တတ်ပါ၏။ တစ်ခါတစ်ရံ အမှားအယွင်း ရှိခဲ့လျှင်လည်း ပစ်ဖော်ရလျှင် တော်ရောပေါ့"ဟု ပြောင်ပြောင်ကြီး ပြောသေး၏။

ဂျာမနီပြည်တွင် နာဇီဝါဒမှတစ်ပါး အခြားသောနိုင်ငံရေး ဂိုဏ်းများမှာ ဩဇာအာဏာ လက်လွတ်ကုန်ကြပြီဖြစ်သော်လည်း ဂိုဏ်း အသီးသီးဟူ၍ကားရှိနေကြသေး၏။ သို့ရာတွင် ၁၉၃၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင်မူကား အားလုံးသော နိုင်ငံရေးဂိုဏ်းများမှာ ကြိုးမိန့်ကျ သကဲ့သို့ အသက်ငင်ကြရလေတော့၏။ အကြောင်းကား ထိုနေ့တွင် နေရှင်နယ်ဆိုရှယ်လစ်ခေါ် နာဇီဂိုဏ်းမှတစ်ပါး ကြွင်းကျန်သော နိုင်ငံ ရေးဂိုဏ်းဟူသမျှမှာ ဥပဒေစည်းကမ်းနှင့်မလျော်ညီဟူသော ဥပဒေ တစ်ခု အတည်ပြုလိုက်သောကြောင့်ပေတည်း။ နာဇီဂိုဏ်းမှတစ်ပါး အခြားသော နိုင်ငံရေးဂိုဏ်းများကို အားပေးသူများမှာ သေဒဏ်အထိ အပြစ်ဒဏ်အမျိုးမျိုးဖြင့် စီရင်ခြင်းခံရကြလေတော့၏။

ထိုအတောအတွင်း၌ ဂိုဘဲလ်သည် ရွေးကောက်ပွဲအတွက် စီမံ လျက်ရှိ၏။ ဖေဖော်ဝါရီလ ၅ ရက်နေ့၌ "ဂျာမနီလူမျိုးများကို ကာကွယ် ရေး" ခေါ် ဥပဒေတစ်ခုကို အတည်ပြုခဲ့ရာ ၎င်းဥပဒေအရမှာ ရေးသမျှ စာများနှင့် ပြောသမျှသော စကားဟူသမျှကို အစိုးရက အုပ်ချုပ်ရမည် ဆို၏။ အဓိပ္ပာယ်ကား အစိုးရကိုအပြစ်ဆိုသော စကားမျိုးလည်းမပြောရ၊ စာများလည်း မရေးရ၊ အစိုးရသဘောတူသော စာများကိုသာရေး၍ စကားများကို ပြောရမည်ဟူလို။

နာဇီဂိုဏ်းသားများသည် ဝါဒဖြန့်ဖြူးရေးအတွက် အနည်း နည်းအဖုံဖုံ ကြိုးစားကြသော်လည်း ရွေးကောက်ပွဲနေ့ဖြစ်သော မတ်လ ၅ ရက်နေ့ ချဉ်းကပ်လာသောအခါတွင် ၎င်းတို့၏ အခြေအနေမှာ အလွန်မရေမရာရှိနေသေး၏။ သို့ဖြစ်၍ အချို့က နာဇီဂိုဏ်းသားများ သည် ဘာလင်မြို့တော်ကို ဝင်စီး၍ အတင်းအဓမ္မ စီမံကြလိမ့်မည်ဟူ

mgyoe.com

mgyoe.com


၍ပင် မှတ်ထင်နေကြ၏။ သို့ရာတွင် ဖေဖော်ဝါရီလ ၂၇ ရက်နေ့၌ ပါလီမန်လွှတ်တော် အဆောက်အဦကြီးကို မီးသင့်လောင်ခဲ့ရာ နာဇီဂိုဏ်းသားများက ကွန်မြူနစ်ဂိုဏ်းသားများ၏ လက်ချက်ဖြစ်သည်ဟု သတင်းလွှင့်ကြသည်တွင်၊ တိုင်းပြည်က အလွယ်တကူ ယုံကြည်ကြသဖြင့် နာဇီဂိုဏ်းဘက်သို့ ညွတ်သွားကြ၏။ သို့ပါလျက်နှင့်ပင် ရွေးကောက်ပွဲကျင်းပသောအခါတွင် နာဇီဂိုဏ်းသားများမှာ ပါလီမန်အမတ်ဦးရေ စုစုပေါင်း၏ ရာခိုင်နှုန်း ၄၃.၉ ထက် ပိုမိုရရှိခြင်းငှာ မတတ်နိုင်ချေ။ ၎င်းရွေးကောက်ပွဲမှာ လွတ်လပ်သော ရွေးကောက်ပွဲမျိုး မဟုတ်ငြားသော်လည်း နိုင်ငံရေးဂိုဏ်းဂဏအသီးသီးမှ အတိအလင်းဝင်ရောက်ယှဉ်ပြိုင်အရွေးခံနိုင်သည့် နောက်ဆုံးသော ရွေးကောက်ပွဲဖြစ်၏။ ဟစ်တလာဂိုဏ်းသား အမတ်များမှာ ရာခိုင်နှုန်း၅၀ (တစ်ဝက်) မျှပင် မပြည့်ရကား၊ အဦးအစ၌ နာဇီဂိုဏ်းသားများမှာ လူများစုဟူ၍ မခေါ်ဝေါ်နိုင်ပေ။ နာဇီဂိုဏ်းသည် နိုင်ငံရေးဂိုဏ်အသီးသီးတို့တွင် အကြီးဆုံးဂိုဏ်းဖြစ်သည် မှန်သော်လည်း အခြားဂိုဏ်းသားများ စုပေါင်းလိုက်သည်ရှိသော် တစ်ဝက်ကျော်လွန်နေသောကြောင့် နာဇီဂိုဏ်းကို ပြိုင်ဘက်မရှိအောင် ကြီးစိုးနေသော ဂိုဏ်းဟူ၍ မခေါ်ဆိုနိုင်သေးချေ။

ရွေးကောက်ပွဲ ပြီးစီးသောအခါတွင်မူကား ဟစ်တလာအဖို့ လမ်းရှင်းလျက်ရှိ၏။ ဟစ်တလာဂိုဏ်းသားများမှာ ပါလီမန်တွင် လူများစု မဟုတ်ငြားသော်လည်း ကွန်မြူနစ်ဂိုဏ်းသား အမတ် ၈၁ ယောက်ကို ဖြုတ်ချနိုင်ခဲ့လျှင် ဟစ်တလာဂိုဏ်းသား အမတ်များသည် အခြားဂိုဏ်းသားအမတ်များ၏ စုစုပေါင်းထက် ၁၀ ယောက်မျှ ပိုမိုများပြားမည်ဖြစ်၏။ သို့ဖြစ်၍ ဟစ်တလာသည် ကွန်မြူနစ်ဂိုဏ်းသားအမတ်များအား ပါလီမန်သို့ ဝင်ခွင့်မရအောင် ဖန်တီးလိုက်ရကား၊ မတ်လ ၂၁ ရက် နေ့၌ ပေါ့စ်ဒန်မြို့ ဘုရားရှိခိုးကျောင်း အဆောက်အဦ

mgyoe.com

mgyoe.com


တွင် ကျင်းပသော ပါလီမန်အစည်းအဝေးတွင် ဟစ်တလာ ထင်မြင်သလို "ကြိုးဆွဲ" နိုင်လေတော့၏။

မတ်လ ၂၃ ရက်နေ့၌ ဟစ်တလာ၏ 'ရုပ်ညို' အမတ် ၂၈၈ ယောက်တို့သည် အထွေထွေ အာဏာများနှင့်ဆိုင်ရာ ဥပဒေကြမ်းတစ်ခုကို တင်သွင်းအတည်ပြုခဲ့ကြရာ၊ ထိုနေ့မှစ၍ ဂျာမနီပြည်တွင် ပါလီမန်စနစ်အရ အုပ်ချုပ်နည်းကွယ်ပျောက်လေတော့၏။ ၎င်းဥပဒေအရမှာ ကက်ဗိနက်အဖွဲ့သည် လေးနှစ်အတွင်း၌ ဥပဒေပြုပိုင်သော တန်ခိုးအာဏာရရှိခဲ့၏။ ၎င်းဥပဒေ အပိုဒ် (၂) ၌ပါရှိသည်ကား "အမျိုးသားကက်ဗိနက်အဖွဲ့ကပြုလုပ်သော အမျိုးသားနှင့်ဆိုင်ရာ ဥပဒေများသည် လက်ရှိစည်းကမ်းဥပဒေများနှင့် ဖီလာဆန့်ကျင်ဖြစ်နေစေကာမူ ပါလီမန်၏အခြေအနေကို မထိခိုက်သမျှ ကာလပတ်လုံးအတည်ဖြစ်စေရမည်"ဟု ဖော်ပြပါရှိလေသည်။

## (၂) ပြည်နယ်များလျှော့ကျခြင်း။

၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ဟစ်တလာသည် ပါလီမန်တွင် "ချန်ဆလာ" အဖြစ်နှင့် ပထမအကြိမ် စကားပြောစဉ်က ပြည်နယ်များသည် ဂျာမန်အင်ပိုင်ယာ၏ 'ကျောက်တိုင်'များ ဖြစ်သောကြောင့် ၎င်းတို့၏ အခွင့်အရေးများကို မိမိကချုပ်ချယ်ခြင်း မပြုပါဟူ၍ ကတိထားခဲ့၏။ သို့ရာတွင် ထိုကဲ့သို့ ကတိထားပြီးသည့်နောက် တစ်လခန့်အတွင်း၌ပင် ဟစ်တလာသည် ပရတ်ရှာပြည်နယ်ကိုပင် ချမ်းသာမပေးဘဲ အားလုံးသော ပြည်နယ်များ၏ အခြေအမြစ်များကို ဖြိုဖျက်စပြုလေ၏။

ဟစ်တလာ၌ ဂိုရင်နှင့် ဂိုဘဲလ်အမည်ရှိ လက်ရုံးနှစ်ဖက်နှင့်တူသော လူနှစ်ယောက်ရှိရာ ဂိုရင်သည် ဖြည်းညင်းသာယာစွာ မဟုတ်ဘဲ အလန့်တကြားပြုလုပ်တတ်သည့် ဝါသနာအတိုင်း ပရတ်ရှားနယ်ကို

mgyoe.com

mgyoe.com


စတင်ရှင်းလင်းလေ၏။ ပုလိပ်ဘက်တွင် အထက်တန်းရာထူး အမြောက် အမြားကိုလည်းကောင်း၊ ပြည်နယ်အဖွဲ့ဆိုင်ရာ ဥက္ကဋ္ဌများ၊ ချယ်ယာမင် များကိုလည်းကောင်း၊ ရာပေါင်းများစွာ နုတ်ပယ်ပစ်လိုက်၏။ နိုင်ငံရေး ဘက်တွင် အမှုထမ်းရသော ပုလိပ်များကိုလည်း ရာထူးမှ နုတ်ပယ်၍ နာဇီဂိုဏ်းသားများကို လက်နက်ကိုင် အထူးပုလိပ်တပ်အဖြစ်နှင့်ခန့် ထားခဲ့၏။ ယင်းကဲ့သို့ အရေးကြီးသော ဌာနဟူသမျှတွင် လူဟောင်း ကို ထုတ်၍ လူသစ်များကို သွတ်သွင်းခန့်ထားလိုက်ရကား ၆ လခန့် အတွင်း၌ပင် ယခင်က တည်ရှိခဲ့ဖူးသည့် ကိုယ်ပိုင်အုပ်ချုပ်ခြင်းစနစ်၏ အငုတ်အရင်းကိုပင် မတွေ့မြင်ရတော့ချေ။

ပရတ်ရှားနယ် လျှောကျပြီးနောက်၊ အခြားသော ပြည်နယ် များသည်လည်း တစ်နယ်ပြီး တစ်နယ် လျှောကျကြပြန်လေရာ၊ များ မကြာမီအတွင်း ပြည်နယ်အားလုံးတို့သည် ကိုယ်ပိုင်အုပ်ချုပ်နိုင်သော အရေးအခွင့်ဟူ၍ အလျဉ်းပင်မရှိတော့ဘဲ ဗဟိုအစိုးရ၏ သြဇာအာဏာ ကိုသာ ခံယူကြရလေတော့၏။ ဧပြီလ ၇ ရက်နေ့၌ ဥပဒေတစ်ခု ပြဋ္ဌာန်းအတည်ပြုခဲ့ရာ၊ ၎င်း ဥပဒေအရမှာ ဟစ်တလာသည် ပြည်နယ် အသီးအသီးအတွက် ဘုရင်ခံတစ်ယောက်စီ ခန့်ထားနိုင်ခွင့်ရှိသည့်ပြင် ကယ်ဘိနက်အဖွဲ့အတွက် သင့်တော်သူများ ရွေးချယ်ခန့်ထားခြင်း၊ မသင့်တော်သူများကို နုတ်ပယ်ခြင်းပြုနိုင်ခွင့်ရှိ၍ အားလုံးသော အရာရှိ များကိုလည်း အုပ်ချုပ်ရလေသည်။ သို့ဖြစ်၍ နယ်သူနယ်သားတို့၏ သဘောဆန္ဒအလျောက် သူ့နယ်နှင့်သူ အသီးအသီး စီမံခန့်ခွဲခွင့်ရရှိခဲ့ သော ဂျာမနီပြည်မှာ ဟစ်တလာတည်းဟူသော ဗဟိုချက်မှသဘောရှိ သလို စီမံနိုင်သောအဖြစ်သို့တိုင် ရောက်ခဲ့လေ၏။ စင်စစ်မှာ ဟစ်တလာ သည် ပင့်ကူအိမ်၏ အလည်ဗဟိုမှ ထိုင်၍စောင့်နေသော ပင့်ကူနှင့် တူလှပေ၏။ ဂျာမနီပြည်ကြီး၏ ကံကြမ္မာသည် တစ်ဦးတစ်ယောက်

mgyoe.com

mgyoe.com

တည်းသော ပုဂ္ဂိုလ်၏လက်တွင်းသို့ ၄ နှစ်အတွင်း အကြွင်းမဲ့ အပ်နှင်း ရာရောက်ပေရာ ၎င်းတိုင်းပြည်၏ ရာဇဝင်တွင် မည်သည့်အခါကမျှ ထိုကဲ့သို့ ကြုံကြိုက်ခဲ့ဖူးသည်မရှိချေ။

## (၃) တိုင်းသူပြည်သား၏အသံ

ဟစ်တလာသည် ဒီမိုကရေစီစနစ်အရ အုပ်ချုပ်ခြင်း မဟုတ်ဟူ၍ ဆိုကြသော်လည်း ပလယ်ဘီဆစ် **(Plebiscite)** ခေါ် တိုင်းသူပြည်သူသားတို့၏ ဆန္ဒယူခြင်းစနစ်ကို မကြာ မကြာအသုံးပြုလေ့ရှိ၏။ ၁၉၃၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ပထမအကြိမ် ဆန္ဒယူရာ၌ ဟစ်တလာသည် နိုင်ငံပေါင်းချုပ် အသင်းကြီးနှင့် ပတ်သက်၍ စုံစမ်းကြည့်၏။ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဂျာမနီပြည်သည် နိုင်ငံပေါင်းချုပ် အသင်းကြီးမှ နုတ်ထွက်ခဲ့ပြီးနောက် မိမိ၏ အပြုအမူကို သဘောတူ မတူ တိုင်းပြည်အား မေးမြန်း၏။ ထိုအခါ ဟစ်တလာ၏ အပြုအမူကို သဘောတူနေကျဖြစ်သော တိုင်းသူပြည်သားများသည် နိုင်ငံပေါင်းချုပ်အသင်းကြီးမှ နုတ်ထွက်လိုက်ခြင်းအားဖြင့် နိုင်ငံခြားနှင့်ဆက်ဆံရေးတွင် လွတ်လပ်ခြင်းရရှိသည်ဟု ဟစ်တလာပြောသည် အတိုင်း ယုံကြည်ရကား ရာခိုင်နှုန်း ၉၆ ယောက်မျှသော တိုင်းသူပြည်သားများသည် နုတ်ထွက်ခြင်းကို သဘောတူကြောင်း ဆန္ဒပေးကြ၏။ ဟစ်တလာကမူ မိမိ၏နိုင်ငံခြားရေးစနစ်ကို တိုင်းသူပြည်သားများ သဘောတူသည်ဟု ဝန်ခံခြင်းအားဖြင့် မိမိ၏ ပြည်ထဲရေးစီမံကိန်းများကိုလည်း သဘောတူညီကြသည်ဟူ၍ အခိုပ္ပာယ်ကောက်ယူလိုက်၏။

၁၉၃၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင်မူကား ဟစ်တလာသည် မိမိအား ကက်ဗိနက်အဖွဲ့က အာဏာရှင်အဖြစ် တင်မြှောက်လာခြင်းကို တိုင်းသူပြည်သားများ သဘောတူ မတူ ဆန္ဒယူပြန်၏။

mgyoe.com

mgyoe.com


ထိုအခါ ၃၈ သန်းမျှသော တိုင်းသူပြည်သားများသည် သဘောတူညီကြောင်း ဆန္ဒပေးကြ၏။ ၎င်းအရေအတွက်မှာ ပထမအကြိမ် ဆန္ဒယူစဉ်ကထက် ၂ သန်းကျော်မျှ လျော့ပေါ့သော်လည်း အရေးကြီးသောအချက်တစ်ခုမှာ တောနယ်မှ လူများသည် ဟစ်တလာဘက်မှ မဲဆန္ဒပေးကြ၏။ "ကျွန်ုပ်၌ ဂျာမနီတည်းဟူသော စိတ်ကူးတစ်ခုတည်းနှင့် ရည်ရွယ်ချက်တစ်ခုတည်းရှိသည်" ဟု ဟစ်တလာ ပြောလေ့ရှိရာ ပြောအားရှိလောက်အောင်လည်း တိုင်းသူပြည်သားတို့က မြှောက်စားအားပေးကြပါပေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၄)
# နာဇီပါတီဖြစ်ပေါ်လာခြင်း
## (၁)တစ်ဆင့်မှ တစ်ဆင့်သို့ တက်လာပုံ

မြူနစ်မြို့၌ သူပုန်အရေးပေါ်ပေါက်ပြီးသည့်နောက် ၁၉၃၃ ခုနှစ်တွင် နာဇီအစည်းအရုံးဖြစ်ပေါ်လာခဲ့၏။ ဟစ်တလာ ထောင်တွင်း၌ ရှိနေစဉ် အစိုးရက နာဇီပါတီနှင့်ဆိုင်ရာ စာရွက်စာတမ်းများကို ဖျက်ဆီးပစ်သော်လည်း ကြွင်းကျန်သော စာရွက်အနည်းငယ်ကို ရှိဆင်ဘတ်ကသိမ်းဆည်းထားခဲ့၏။ သို့ရာတွင် ယခုလက်ထက်၌ ၎င်းပါတီတည်ထောင်စအခါက စာရွက်စာတမ်းများဟူ၍ မြောက်မြားစွာမရှိတော့ချေ။

အစပထမ၌ နာဇီပါတီမှာ သေးငယ်သော အဖွဲ့ကလေးမျှသာဖြစ်ရာ ဥက္ကဋ္ဌဟစ်တလာအပြင်၊ စက္ကရီတေရီတစ်ယောက်၊ ဘဏ္ဍာထိန်းတစ်ယောက်၊ လုပ်ငန်း မန်နေဂျာတစ်ယောက်၊ ကြော်ငြာဘက်ဆိုင်ရာ ဆောင်ရွက်သူတစ်ယောက် စသည်ဖြင့် အမှုဆောင်အနည်းငယ်မျှသာ ရှိ၏။ ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင်မှ စတင်ဖွဲ့စည်းခဲ့သော ၎င်းပါတီကလေးမှာ ဇွန်လအတွင်းတွင် လူဦးရေအတော်အတန်များပြား

mgyoe.com

လာ၍ အလုပ်ရုံးအတွက် တိုက်တာငှားရမ်းနိုင်သော အခြေသို့ရောက် ခဲ့၏။ ဟစ်တလာသည် ၁၉၂၆ ခုနှစ်အကုန်တွင် ၎င်းဂိုဏ်းသားပေါင်း ငါးသောင်းရစေရမည်ဟု မျှော်လင့်အားထား၍ ၎င်းနှစ် မေလ ၂၂ ရက် နေ့တွင် အနာဂတ်အတွက် လုပ်ငန်းအစီအစဉ်ကို ဝေဖန်ရန် အစည်း အဝေးကျင်းပခဲ့၏။ နောက်တစ်နှစ် ၂ နှစ်အတွင်း၌ နာဇီဂိုဏ်းမှာ လျှမ်း လျှမ်းတောက် တိုးတက်ကြီးပွားလာခဲ့ရာ ၁၉၂၉ ခုနှစ်တွင် ဤအရပ် ထိုအရပ် စသည်တို့၌ တိုက်ခိုက်ကျဆုံးသော နာဇီဂိုဏ်းသားများ၏ သားမယားများအား ပင်စင်ပေးရန်အတွက် ရန်ပုံငွေဖွင့်လှစ်နိုင်ခဲ့လေ၏။ ထိုစဉ်အခါကမူ အခြားဂိုဏ်းသားများနှင့် လမ်းပေါ်တွင် မကြာခဏ တိုက်ခိုက်ကြရသည့်အတွက်ကြောင့် သေဆုံးသော နာဇီဂိုဏ်းသားများ၏ အရေအတွက်မှာလည်း မနည်းပါးလှချေ။

၁၉၃၀ ပြည့်နှစ်တွင်မူကား ဟစ်တလာသည် "လူမျိုးနှင့် မြေကြီး"တို့၏ ဆက်သွယ်ပုံကို အသိအမှတ်ပြုခဲ့သည့်အလျောက်၊ မြေကြီး ကို ထွန်ယက်လုပ်ကိုင်ခြင်းအားဖြင့် အသက်မွေးမြူသည့် လယ်သမား အစည်းအရုံးဖွဲ့စည်း၍ မိမိတို့ပါတီအတွက် လယ်မြေလုပ်ကိုင်မှုဆိုင် ရာ စည်းကမ်းဥပဒေတစ်ခု တီထွင်ခဲ့၏။ ၎င်းနှစ်အလယ်လောက်တွင် နာဇီဂိုဏ်းသားဦးရေ နှစ်သိန်းခန့်ရှိခဲ့ပြီးဖြစ်ရာ ဟစ်တလာသည် အလွန် စည်ကားသော ရပ်ကွက်တစ်ခုတွင် တိုက်အိမ်ကြီးတစ်လုံး ဝယ်ယူ၍ အသစ်ပြင်ဆင်ဆောက်လုပ်ပြီးနောက် ၁၉၃၁ ခုနှစ် ဇန်နဝါရီလ ၁ ရက် နေ့တွင် (ဘရောင်းဟောက်စ်) **(Brown House)** 'အိမ်ညို' အမည်နှင့် အသင်း၏ဌာန စတင်ဖွင့်လှစ်ခဲ့လေ၏။ (အမေရိကန်အစိုးရ၏ဌာနမှာ ဝှိုက်ဟောက်စ် အိမ်ဖြူဟူ၍လည်းကောင်း ဗြိတိသျှအစိုးရ၏ဌာနမှာ ဝှိုက်ဟောက်စ်ဟူ၍လည်းကောင်း၊ အသီးအသီး အမည်ပေးထားကြရ ကား ဟစ်တလာသည်၎င်းတို့ကို ဂုဏ်ပြိုင်ဟန်လက္ခဏာနှင့်၎င်းအမည်

mgyoe.com

mgyoe.com


ကို ရှေး၍ မှည့်ခြင်းဖြစ်တန်ရာ၏။)

ထို့နောက်တွင်မူကား နာဇီဂိုဏ်း၏ တိုးတက်ကြီးပွားခြင်းမှာ အလွန်တရာ လျင်မြန်ခဲ့၏။ သို့ဖြစ်၍ ချန်ဆလာ ရာထူးကို ဟစ်တလာ ရရှိသောအခါတွင် အလုပ်သမားပေါင်း တစ်သန်းခန့်မှာ နာဇီဂိုဏ်းသား များ ဖြစ်လာကြလေပြီ။

လက်ထောက်ကောင်းရခြင်း အရာ၌သာနန်၍ ဟစ်တလာသည် အလွန်ကံကောင်းသူတစ်ယောက်ဖြစ်၏။ အုပ်ချုပ်စီမံရေးဘက်၌ ဟစ်တလာလိုသော အချက်များကို လက်ထောက်များက ဖြည့်စွက်ပေး ကြ၏။ လက်ထောက်များသည် ဟစ်တလာကို စွယ်ရောင်ပြ၍ အလွန် သေသပ်ကောင်းမွန်လှသော ပါတီစနစ်ကို တီထွင်ကြ၏။ စနစ်မည်မျှ လောက်ကောင်းမွန်သည်ကို ဖော်ပြရသော် ၎င်းစနစ်ကို တီထွင်သူများ မရှိသည့်နောက်၌ပင် ပါတီမှာ ခိုင်မြဲတည်တံ့စွာတည်နေနိုင်ခဲ့လေသည်။ ပါတီရုံးကို စီမံကိန်းများသည် လူတစ်မျိုးလုံးကို အုပ်ချုပ်ရသည့် အစိုးရ ရုံးကြီးကို စီမံအုပ်ချုပ်သည့်အလားကဲ့သို့ ဂနသေချာစွာ အလုပ်လုပ် ကြရကား ပါတီဘုန်းကြီးလာ၍ အာဏာလက်ကိုင်ရရှိသောအခါတွင် လွယ်ကူစွာ ဆောင်ရွက်နိုင်ကြလေ၏။

## (၂) အာဏာလက်ကိုင်ရသောအခါတွင် ပါတီစီမံပုံ

နာဇီဂိုဏ်း၌ ပါတီရေးကို စီမံသူများသည် နိုင်ငံရေးကို စီမံ သူများနှင့် လုပ်ငန်းတခြားစီရှိကြ၏။ ဂျာမနီပြည်၌သာမည ကက်ဗိနက် အဖွဲ့ဝင်များသည် အာဏာရှိသူများမဟုတ်ချေ။ ကက်ဗိနက်အဖွဲ့ဝင် မဟုတ်ဘဲလျက် နိုင်ငံရေးဘက်တွင် ဩဇာအာဏာရှိသူများသည် ဂျာမနီ ပြည်တွင် မြောက်မြားစွာရှိကြလေသည်။

ဟစ်တလာ တန်ခိုးကြီးလာသည်နောက်၌ နာဇီပါတီသည်

mgyoe.com

mgyoe.com


အနည်းငယ်မျှသာ ပြောင်းလဲခြင်းရှိခဲ့၏။ အသစ်ဖြစ်ပေါ်လာသော အခြေအနေနှင့်လိုက်လျောစေရန်ဖြစ်စေ၊နာဇီဂိုဏ်းသားအချို့ကိုအလုပ်ပေးရန်ဖြစ်စေ၊ ဌာနအသစ်များ ရံဖန်ရံခါ တီထွင်ပေးရသည်ကားမှန်၏။ သို့ရာတွင် ဌာနအသစ်တိုးသလောက် အပြောင်းအလဲမရှိခဲ့ချေ။ သို့ဖြစ်၍ နာဇီပါတီမှာ အရေးကြီးသော အချက်များတွင် လွန်ခဲ့သော ၄ နှစ်က အတိုင်းတည်ရှိ၍ အနည်းငယ်ကျယ်ဝန်းရှုပ်ထွေးခြင်း၌သာလျှင် ထူးခြားခြင်းရှိခဲ့လေသည်။

ဟစ်တလာ အုပ်ချုပ်သော ဌာနအသီးသီးတို့အနက် လူများအထူးရွံ့ရှာကြောက်ကြသော ဌာနမှာ ဝါလတာဘုချီ လက်အောက်၌ရှိသော လျှို့ဝှက်စွာအလုပ်လုပ်သည့်ဌာနပင်ဖြစ်၏။ ၎င်းဌာနသည်သစ္စာဖောက်မည်ထင်ရသော နာဇီဂိုဏ်းသားများကို နေ့ရောညပါ ခြေရာခံ၍လိုက်ပြီးနောက် မီးတောက်သောအချက်တွေ့သည်နှင့် တစ်ပြိုင်နက်မလှုပ်နိုင်အောင် ချည်တုပ်ကာ ဆိုင်ရာရုံးသို့ပို့လိုက်၏။ အခြားသောတိုင်းပြည်များတွင် အလားတူ လျှို့ဝှက်စွာ ဆောင်ရွက်ရသော ဌာနများရှိကြသော်လည်း ဝတ္တရားကိုကျနအောင်ဆောင်ရွက်ရာ၌ ဘုချီ၏ဌာနမှအမှုထမ်းများကို မီနိုင်ရန်မရှိချေ။

သတင်းစာများကို စောင့်ကြပ်စစ်ဆေးခြင်း အလုပ်တွင်လည်းဌာနကြီးနှစ်ခုဖွင့်လှစ်ထား၏။ ၎င်းဌာနကြီး နှစ်ခုတို့မှာလည်း လျှို့ဝှက်စွာ ဆောင်ရွက်သော ဌာနနည်းတူအလွန်အမင်းကျပ်တည်းစွာ အလုပ်လုပ်လေ့ရှိ၏။ ၎င်းတို့သည် အပြစ်ရှိသည်ဟု ထင်ရသူများအားညှာတာထောက်ထားခြင်းမရှိ၊ အလွန်တင်းမာကျပ်တည်းစွာဆောင်ရွက်ကြလေသည်။

ဟစ်တလာသည် တိုင်းပြည်ကို ဒီစတြိတ် ၃၃ ခုဖြင့် သတ်မှတ်၍ ဒီစတြိတ်တစ်ခုလျှင် ဗဟိုအစိုးရက ခန့်ထားသော အာဏာရှင်

mgyoe.com

mgyoe.com


တစ်ယောက်စီရှိကြ၏။ ဒီစတြိတ် အသီးအသီး၌ရှိနေသော နယ်သား များသည် တစ်တိုင်းပြည်လုံးအတွက် ထမ်းဆောင်ရသော အခွန်တော် မျိုးထက် မိမိတို့ ဒီစတြိတ်နယ်အတွက် ထမ်းဆောင်ရသော အခွန်တော် က ပိုမိုကြီးလေးလေသည်။ ထိုအကြောင်းကြောင့် နာဇီဂိုဏ်းသား မဟုတ်သူ ဒေါက်တာစခက်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများက အလွန်အမင်း ကြီးလေးလွန်းသော အခွန်တော်အကြောင်းကို အဖန်တလဲလဲ ကန့်ကွက် ရေးသားနေကြခြင်းဖြစ်လေသည်။ နာဇီဂိုဏ်းတည်းဟူသော စက်ကိရိ ယာကြီး အလုပ်လုပ်ပုံမှာ အလွန်တရာ ရှုပ်ထွေးကျယ်ဝန်းနေရကား၊ တစ်ယောက်တည်းသော ဂျာမန်လူမျိုးသည်ပင်လျှင် စက်ကိရိယာ၏ အစိတ်အပိုင်းတစ်ခုကဲ့သို့ရှိနေ၍ လူတစ်ယောက်သစ္စာဖောက်လာခဲ့ လျှင် စက်ကိရိယာတွင် အစိတ်အပိုင်းတစ်ခု ပျက်စီးသွားခြင်းကဲ့သို့ နာဇီဂိုဏ်းတစ်ခုလုံးတွင် ထိခိုက်ရတော့မည်ကဲ့သို့ရှိနေလေ၏။

## (၃) အပြန်အလှန် ချုပ်ချယ်ထားပုံ

သစ္စာဖောက်သည်ဟု စွပ်စွဲခြင်း ခံရသူများမှာ အထူးခန့်ထား သော ရုံးတော်တွင် စစ်ဆေးခြင်းခံကြရ၏။ မေဂျာဘုချိုလက်အောက် တွင် အဝတ်နက်ဝတ်ဆင်ထားသော **(Black Guard)** ဘလက်ဂဒ် အမှုထမ်း ၁၀၀ မျှ ဆောင်ရွက်လျက်ရှိရာ နာဇီဂိုဏ်းသားတစ်ယောက် သည် အဆိုပါ အနက်ဝတ် အမှုထမ်းတစ်ယောက်၏ ထောက်လှမ်း စုံစမ်းခြင်းခံရသည်နှင့်တစ်ပြိုင်နက် အပြစ်ရှိ မရှိ အပထား၍ အလွန် တရာ တုန်လှုပ်ချောက်ချားခြင်းဖြစ်သည်နှင့် မိမိကိုယ်ကို သေနတ်နှင့် ပစ်သတ်လေ့ရှိ၏။ ဟစ်တလာသည် အပြစ်ရှိသည်ဟု ထင်သူများကို မကြာ မကြာ သုတ်သင်ရှင်းလင်းခြင်းအားဖြင့် ကျန်ရစ်သူများ၏ သစ္စာ စောင့်သောစိတ်ကို နှိုးဆွပေးလေ့ရှိ၏။

mgyoe.com

mgyoe.com


ငှင်း၌ာန၏ အကြီးအမှူးဖြစ်သော မောဂျာဘုချိမှာ ရှေးအခါက စက်အမြောက် စစ်တပ်တွင် အရာရှိတစ်ယောက်ဖြစ်၍ တိုင်းပြည်၏ 'သူပုန် ၂၃ ဦး'အနက်တွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ဖူး၏။ ငှင်း၌ာန၏ အလုပ်ဝတ္တရားမှာ နာဇီဂိုဏ်းသား အချင်းချင်း မညီမညွတ်ဖြစ်ခြင်းမှ ကာကွယ်ရန်ဆိုသော်လည်း စင်စစ်အားဖြင့် ပါတီရေးဆောင်ရွက်သူများ သစ္စာမဖောက်ပြားစေရန် စောင့်ကြပ်ရေးပင်ဖြစ်လေသည်။ ဟာစ်တလာ၏ စီမံကိန်းတစ်ခုမှာ သစ္စာမရှိသူများကို ဖိနှိပ်ခြင်းအားဖြင့် သစ္စာရှိအောင်လုပ်၍ ယုံကြည်အားထားခြင်းသည်လည်း ရွံ့ကြောက်ခြင်းတွင် အမြစ်တွယ်လျက်ရှိ၏။ ဟာစ်တလာသည် ငှင်း၌ာနကို လျှို့ဝှက်စွာ ဖုံးအုပ်မထားသည့်အပြင် မိမိ၏လက်နက်သဖွယ် ထုတ်ဖော်ကြေညာပေး၍ ငှင်း၌ာန၏ ဆောင်ရွက်စီမံပုံများကို စာရွက်စာတမ်းများ ရိုက်နှိပ် ဝေငှလေ့ရှိ၏။

အင်္ဂလိပ်လူမျိုးများသည် မိမိတို့အား ထိုကဲ့သို့ စောင့်ကြပ်ကြည့်ရှုနေခြင်းကို မခံမရပ်နိုင်အောင်ရှိကြမည် မှန်သော်လည်း ဂျာမန်လူမျိုးများမှာမူ နည်းစနစ်ကျနအောင် အလုပ်လုပ်တတ်ခြင်း၏ အထိမ်းအမှတ်ဟူ၍သာလျှင် မှတ်ယူလေ့ရှိ၏။ သစ္စာဖောက်သောသူတစ်ယောက်အား ဝိုင်းဝန်း၍ ကြင်နာသနားခြင်း မရှိ။ ထိုသူ အပြစ်ခံရသောအခါတွင် "ကောင်းပါလေစ"ဟူ၍သာ ဆိုလေ့ရှိကြ၏။ နာဇီဂိုဏ်းသားတစ်ယောက်၏ စဉ်းစားပုံမှာ "ဒီ၌ာနလို ကျနအောင် အလုပ်လုပ်တတ်သော ၌ာနဟူ၍ ကမ္ဘာပေါ်တွင် မရှိ။ ငါက သစ္စာရှိသမျှ ကာလပတ်လုံး ငါ့ကို ရန်မရှာ သစ္စာဖောက်သူများကိုသာ ပယ်ရှင်းခြင်းဖြစ်သည်။ သစ္စာဖောက်သူများများ ဖယ်ရှားနိုင်လေလေ ငါတို့အားလုံးအဖို့ကောင်းလေလေဖြစ်မည်" စသည်ဖြင့် စဉ်းစားစိတ်ကူးလေ့ရှိ၏။ ငှင်း၌ာနသည် သစ္စာဖောက်ဖျက်၍ အပြစ်ပေးခြင်းခံရသူများအကြောင်းကို မှတ်တမ်း

mgyoe.com

mgyoe.com


တင်ထားလေ့ မရှိရကား ယခုအချိန်အထိ မည်ရွေ့မည်မျှ သုတ်သင်လိုက်ပြီဟု မည်သူမျှ မပြောနိုင်ချေ။

မေဂျာဘုချိဌာနသည် နာဇီဂိုဏ်းသားများအတွက်သာလျှင် ဆောင်ရွက်လေ့ရှိရာ တိုင်းသူပြည်သား လူအများအတွက် အလုပ်လုပ်သည့် နိုင်ငံရေးပုလိပ်ဌာနတစ်ခုလည်းရှိသေး၏။ ၎င်းကို လျှို့ဝှက်သော နိုင်ငံရေးပုလိပ်အဖွဲ့ဟူ၍ ခေါ်တွင်၏။ ၎င်းအဖွဲ့မှာ စစ်သားများနည်းတူ လေ့ကျင့်ထား၍ အစိုးရအတွက် ဆောင်ရွက်ရသော သူလျှိုများဖြစ်ကြ၏။ ၎င်းအဖွဲ့သည် လူတစ်ယောက်ကို ဖမ်းဆီး၍ တရားရုံးတော်တွင် စစ်ဆေးခြင်းမပြုဘဲ အပြစ်ပေးနိုင်သော တန်ခိုးအာဏာရှိ၏။ ၎င်းအဖွဲ့က ဖမ်းဆီးလိုက်သော လူတစ်ယောက်မှာ ခုခံကာကွယ်ရန်နည်းလမ်းမရှိတော့ချေ။ ဂျာမနီပြည်တွင် ရှေးအခါကဖြစ်စေ၊ အခြားတိုင်းပြည်များတွင်ဖြစ်စေ၊ ၎င်းအဖွဲ့ကဲ့သို့ တန်ခိုးအာဏာကြီးသော နိုင်ငံရေး ပုလိပ်အဖွဲ့ဟူ၍ မရှိခဲ့ဖူးချေ။ ၎င်းဌာနကို အုပ်ချုပ်စီမံသူကား အသက် ၄၀ မပြည့်သေးသည့် ဟင်မလာပင်ဖြစ်၏။

ဂျာမနီပြည် အာဏာရှင်အဖြစ်နှင့် ဟစ်တလာ၏အရိုက်အရာကို ဆက်ခံဖို့ မျှော်လင့်ရန်ရှိသူများအနက်တွင် ဟင်မလာသည် အထင်ရှားဆုံး တစ်ယောက်ဖြစ်ပေရကား ၎င်း၏ အတ္ထုပ္ပတ္တိကို အကျဉ်းအားဖြင့် ရေးသားဖော်ပြရန်လိုပေလိမ့်မည်။

ဟင်မလာကြီးပွားပုံမှာ ဟစ်တလာ ကြီးပွားပုံနှင့် ခပ်ဆင်ဆင်တူ၏။ ဟင်မလာမှာ ငယ်ရွယ်စဉ်အခါက ထူးခြားသော အရည်အချင်းရှိသည်ဟု ကျော်ကြားခဲ့သူ တစ်ယောက်မဟုတ်ချေ။ လယ်ယာစိုက်ပျိုးခြင်းအတတ်ပညာကို သင်ကြားပြီးနောက် ဟင်မလာသည် စစ်ဘက်တွင်ခေတ္တမျှ အမှုထမ်းဖူး၏။ အသက် ၃၇ နှစ်အရွယ်တွင် ဟင်မလာသည် တိုင်းပြည်အုပ်ချုပ်မှုဘက်တွင် ၁၀ နှစ်ခန့် အလေ့အကျင့်ရပြီးဖြစ်၍

mgyoe.com

ဟာစ်တလာအစိုးရအနက်တွင် အရေးပါအရာရောက်သော အရာရှိတစ်ယောက်၏ အခြေအနေသို့ရောက်လာခဲ့၏။ အချို့သော နာဇီဂိုဏ်းသား အရာရှိများကဲ့သို့ မောက်မာကြွားဝါခြင်းမရှိဘဲ၊ တိုက်ခန်းကလေး တစ်ခန်းတွင် စာရေးစာချီများသဖွယ် ရိုးရိုးကလေး နေထိုင်လေ့ရှိ၏။ စီမံခန့်ခွဲခြင်းအလုပ်တွင် ကျွမ်းကျင်ခြင်း ပုလိပ်အဖွဲ့ကြီးကို အုပ်ချုပ်ရခြင်း၊သစ္စာရှိသော နာဇီဂိုဏ်းသား နှစ်သိန်းငါးသောင်းတို့အပေါ်တွင် ဦးစီးဦးကိုင်ပြုရခြင်း နိုင်ငံရေးအဖွဲ့များကို တစ်တိုင်းပြည်လုံး အနှံ့အပြား ဖွဲ့စည်းရခြင်းတည်းဟူသော အခြင်းအရာတို့ကြောင့် များစွာသောတိုင်းသူပြည်သားများက ဟင်မလာအား ဟာစ်တလာ၏အရိပ်အရာကို ဆက်ခံမည့်သူတစ်ယောက်အနေဖြင့် မှတ်ယူလေ့ရှိကြရာ စစ်စင်အားဖြင့် ထိုကဲ့သို့ မှတ်ယူခြင်းမှာ အရမ်းမဲ့ တွေးတောခြင်းဟူ၍ မဆိုနိုင်ပေ။ ဟာစ်တလာ၏ အရိပ်အရာကို ဆက်ခံရန်ချိန်ရွယ်ကြသူများအနက် အထင်ရှားဆုံး နှစ်ယောက်မှာ ဟင်မလာနှင့် ဂိုးရင်းတို့ဖြစ်ကြ၏။ ဂိုးရင်းသည် ဟင်မလာနှင့် ကြိမ်ဖန်များစွာ ဉာဏ်ခြင်း ယှဉ်ပြိုင်ခဲ့ဖူးရာ ဟင်မလာသည် မိမိကြီးပွားရေးအတွက် ကြိတ်ကြိတ်နယ်နယ် အကြံထုတ်ရန်လိုခဲ့လျှင် ကြမ်းကြမ်းတမ်းတမ်း စီမံရသော နည်းစနစ်မျိုးကို မပြုဝံ့အောင် သတ္တိနည်းသူတစ်ယောက်လည်း မဟုတ်ချေ။

လောက၌ အကယ်စင်စစ် ကြီးကျယ်ခြင်းသို့ရောက်သော လူများသည် ရိုးရိုးကလေးနေထိုင်တတ်သော အလေ့အကျင့်မျိုးရှိတတ်ပေရာ ဟင်မလာမှာလည်း ထိုအခြင်းအရာမျိုးနှင့် ပြည့်စုံသည့်ပြင် နက်နဲခက်ခဲသော ပြဿနာများကိုလည်း ထိုးထွင်းသိမြင်နိုင်သော အရည်အချင်းရှိပေ၏။ ဟင်မလာမှာ ဥရောပတိုက် အရေးအရာတွင် ဂျာမနီပြည်နှင့် သက်ဆိုင်သော ကိစ္စများကိုသာ အလေးဂရုပြုတတ်သောဝါသနာရှိရာ၊ ၎င်းဝါသနာကို စွန့်လွှတ်၍ အမြင်ကျယ်ဝန်းအောင်

mgyoe.com

mgyoe.com

ကြိုးစားနိုင်ခဲ့လျှင် တစ်နေ့သ၌ ဥရောပတိုက်၏ ကံကြမ္မာကိုဖန်တီးသော လူတစ်ယောက်အဖြစ်သို့တိုင် ရောက်လာရန်ရှိပေ၏။

ယခုအခါ ဂျာမနီတစ်ပြည်လုံးကို ဖိနှိပ်တုန်အောင် ချောက်ချားနိုင်သူများမှာ မေဂျာဘုချိန်နှင့် ဟင်မလာတို့ပင်ဖြစ်၏။ ၎င်းတို့၏လက်အောက်အမှုထမ်းများသည် ဂျာမနီတစ်ပြည်လုံး၏ အိမ်ထောင်တိုင်းကို နေ့ညဉ့်မလပ် စောင့်ကြပ်လျက်ရှိရာ ၎င်းတို့သည် တရားဥပဒေကိုပင် ဂရုမစိုက်ဘဲ မိမိတို့ထင်မြင်သလို အပြစ်ဒဏ်ချပေးနိုင်သူများဖြစ်ကြလေသည်။

## (၄) ပါတီနှင့် အစိုးရ

နာဇီဂိုဏ်း၏ အရေးအကြီးဆုံးသော ပြဿနာတစ်ခုမှာ ပါတီနှင့် အစိုးရကို သမအောင် ဖန်တီးရေးပင်ဖြစ်၏။ ဂျာမနီပြည်ကြီးမှာ ဘစ်စမတ်လက်ထက်က သတ်မှတ်တည်ရှိခဲ့သည့်အတိုင်း အစွယ်အားဖြင့်လည်းကောင်း၊လူဦးရေအားဖြင့်လည်းကောင်း၊ မညီမျှသော ပြည်နယ်ပေါင်း ၁၇ နယ်မျှ ပိုင်းခြား သတ်မှတ်လျက်ရှိရာ၊ ၎င်းတို့ကို ပါတီ၏ ဌာနအသီးသီးတို့တွင် ပါဝင်စေအောင် ခွဲဝေသွတ်သွင်းရန် လိုပေ၏။ နာဇီပါတီ၌ သတ်မှတ်ထားသော ဌာနများမှာ ၂၃ ခုမျှရှိရာ၊ ဟစ်တလာသည် ပြည်နယ်နှင့်ဌာနတို့ကို တစ်ခုနှင့်တစ်ခု အကျုံးဝင်စေရအောင် ခွဲဝေ သတ်မှတ်ပေးရလေသည်။ ပါတီလူဦးရေတိုးတက်လာသည့်အလျောက် ဌာနများသည်လည်း တိုးတက်လာခဲ့ရာ နောက်ဆုံးတွင် ဌာနပေါင်း ၃၂ ခု မျှရှိ၍ ဌာနတစ်ခုသည် ဗဟိုအစိုးရ အငယ်စားကလေးသဖွယ် မိမိနယ်အတွင်း၌ စီမံအုပ်ချုပ်ခွင့်ရခဲ့၏။သေးငယ်သောနယ်ပယ်တစ်ခုမှ အထွတ်အထိပ်ဖြစ်သော ဗဟိုအစိုးရသို့တိုင်အောင် အဆင်သင့်တက်သွားသောစနစ်မှာ ရုရှားပြည်ကြီးမှ နည်းယူခဲ့သော

mgyoe.com

mgyoe.com


စနစ်ဖြစ်သော်လည်း ဟစ်တလာကမူ မည်သည့်တိုင်းပြည်တွင်မှ မိမိ၏ စနစ်မျိုးမရှိသဖြင့် မိမိကိုယ်တိုင် တီထွင်ခဲ့ရလေဟန် ပြောဆိုလေ့ရှိ၏။ စင်စစ်မှာ ဟစ်တလာ၏စနစ်သည် ပြည်နယ်တစ်ခုစီ လွတ်လပ်စွာ အုပ်ချုပ်စီမံခွင့်ရှိသည့် ဘစ်စမတ်၏ စနစ်ထက် စည်းလုံးညီညွတ်ခြင်း ရှိကြောင်းကိုမူကား ဝန်ခံကြရပေမည်။

ဟစ်တလာ၏လက်အောက်တွင် ပြည်နယ်တစ်ခုကို အုပ်ချုပ်ရသော အရာရှိတစ်ယောက်သည် ဗြိတိသျှအစိုးရ လက်အောက်တွင် အလားတူ ပြည်နယ်တစ်ခုကို အုပ်ချုပ်ရသော ဘုရင်ခံတစ်ယောက်ထက် တန်ခိုးအာဏာကြီးမား၏။ ၎င်းအရာရှိသည် ဥပဒေပြုလုပ်ခြင်းအလုပ်နှင့် အုပ်ချုပ်စီမံခြင်း အလုပ်ကို မိမိသဘောအတိုင်း ဆောင်ရွက်နိုင်ခွင့်ရှိ၍ ၎င်း၏အမိန့်ကို ဆန်းစစ်နိုင်သူမရှိချေ။ ပြည်နယ်အတွင်းရှိ ပုလိပ်တပ်နှင့် စစ်တပ်တို့ကို စိတ်ထင်သလို အသုံးပြုနိုင်ခြင်း၊ ဥပဒေပြုအဖွဲ့ကို အလိုရှိသလိုခန့်ထား၍ အလိုရှိသလို ဖျက်သိမ်းနိုင်ခြင်းမှစ၍ မိမိ၏ ပြည်နယ်ကို မိမိစိတ်တိုင်းကျစီမံနိုင်ခွင့်ရှိလေသည်။ ၎င်းအရာရှိသည် ဘာလင်မြို့တော်မှ အမိန့်ကိုလိုက်နာနေသမျှ ကာလပတ်လုံး မိမိ၏ ပြည်နယ်ကို စိတ်ထင်သလို စီမံနိုင်ခွင့်ရှိရာ မည်သည့်နည်းနှင့် စီမံအုပ်ချုပ်သည်ဖြစ်စေ ပြည်နယ် ငြိမ်ဝပ်ပိပြားမှုသာလျှင် လိုရင်းပဓာန ဖြစ်လေသည်။

## (၅) ပါတီနှင့် အစိုးရအမှုထမ်းများ

ဟစ်တလာ၏ စီမံကိန်းအရမှာ နာဇီပါတီသည် ဂျာမနီအစိုးရ၏ကြိုးကိုင်ဖြစ်၍ အစိုးရတည်းဟူသောအရုပ်ကို နာဇီပါတီက ကြိုးဆွဲရ၏။ တစ်နည်းအားဖြင့် ဖော်ပြရသော်၊ အစိုးရသည် ရုပ်တရားနှင့်တူ၍ နာဇီပါတီသည် နာမ်တရားနှင့်တူ၏။ သို့ရာတွင် ဂျာမနီပြည်

mgyoe.com

mgyoe.com


တစ်ပြည်လုံးကို နာဇီဝါဒဖြစ်အောင်ပြုလုပ်ရန်မှာ နှစ်ပေါင်း ၁၀၀ ခန့် ကြာလိမ့်မည်ဟု ဟစ်တလာပြောဖူး၏။ ထိုသို့မဖြစ်သေးမီ အတော အတွင်း ဂျာမနီပြည်တွင် "နေရှင်နယ်ဆိုရှယ်လစ်"ဟူသော နိုင်ငံရေး ဂိုဏ်းတစ်ဂိုဏ်းတည်းသာ ရှိရမည်ဆို၏။ ဤသို့ဆိုရာ၌ အစိုးရရာထူး ဟူသမျှကို နာဇီဂိုဏ်းသားများချည်းသာလျှင် ပေးအပ်လိမ့်မည်ဟု မဆိုလို၊ စင်စစ်မှာ ဟစ်တလာသည် ပါတီနှင့် အစိုးရကိုတစ်ခုတည်း ဖြစ်အောင် သို့မဟုတ် အစိုးရအရာရှိဟူသမျှ နာဇီဂိုဏ်းသားချည်းဖြစ် အောင် စီမံလိုသူများကို နှိမ်နင်းလေ့ရှိ၏။ နာဇီဂိုဏ်းသားမဟုတ်သော အရာရှိများသည် အလုပ်ဝတ္တရားများကို ကျေပွန်အောင်မဆောင်ရွက် သောအခါတွင်မှုကား နာဇီဂိုဏ်းသားများကို ခန့်ထားလေ့ရှိ၏။ သို့ရာ တွင် ထိုကဲ့သို့သော ချို့ယွင်းချက်မရှိခဲ့မူ၊ လက်ရှိစည်းကမ်းအတိုင်း ခန့်ထားလေ့ရှိ၏။

၁၉၃၃ ခုနှစ်၊ ဧပြီလတွင် ဥပဒေတစ်ခုအတည်ပြုရာ ၎င်း အရာမှာ အာရယန်လူမျိုး မဟုတ်သူများနှင့် အမျိုးသားအစိုးရအတွက် အစွမ်းကုန်ကြိုးစားပါမည်ဟု ပဋိညာဉ်မပေးသူများကို အစိုးရအမှုထမ်း အလုပ်မှ ထုတ်ပယ်လိုက်၏။ အစိုးရ အမှုထမ်းများအနက် မလိုသူများ ကိုလည်းကောင်း၊ ဥပဒေအားဖြင့် ပယ်ထုတ်နိုင်လေသည်။ သို့ရာတွင် ဟစ်တလာ၏ နောက်ပါများဖြစ်သော "ရှပ်ညို"များသည် မိမိတို့ မျှော်လင့်သလောက် ရာထူးများ မရရှိကြသောကြောင့် စိတ်ပျက်ကြ သေး၏။

၁၉၃၃ ခုနှစ်၊ ဇွန်လတွင် ဟစ်တလာသည် ဥပဒေတစ်ခု အတည်ပြု၍၊ ၎င်း၏နောက်ပါများအား သတိပေးရသေး၏။ ၎င်း ဥပဒေအရမှာ ဟစ်တလာဂိုဏ်းသားများကို အစိုးရ ရာထူးများတွင် အစုလိုက် အအုပ်လိုက် ခန့်ထားခြင်းအားဖြင့် တိုင်းပြည်အုပ်ချုပ်စီမံ

mgyoe.com

mgyoe.com


ခြင်းအလုပ်ကို ညှိဖျင်းအောင်မပြုနိုင်ကြောင်းနှင့် အတည့်အလင်းထုတ်ဖော်ညွှန်ကြားရ၏။ 'အစိုးရ အရာရှိအဖြစ်နှင့် ခန့်ထားခြင်း ခံလိုသူများမှာ သတ်မှတ်ထားသော ပညာအရည်အချင်းနှင့် ပြည်စုံသည်ဖြစ်စေ၊ ထုံးစံအတိုင်း လေ့ကျင့်ခြင်းရရှိ၍ တတ်မြောက်လာသည်ဖြစ်စေ သို့တည်း မဟုတ် ၎င်းရာထူးနှင့် အထူးသင့်တော်သော အရည်အချင်းမျိုးရှိသည်ဖြစ်စေ တစ်ချက်ချက်နှင့် လျော်ညီမှသာလျှင် ခန့်ထားရမည်"ဟုဆို၏။ ဆိုလိုရင်းကား ဟာစ်တလာ၏ တပည့်အဖြစ်နှင့် ၎င်း၏စစ်ပွဲများကို တိုက်ခိုက်ခဲ့ဖူးခါမှုနှင့် အစိုးရအရာရှိမဖြစ်နိုင်ဟု အဓိပ္ပာယ်သက်ရောက်၏။

အစိုးရဌာနများကို သုတ်သင်ရှင်းလင်းရာ၌မူကား အရေးကြီးလျှင် ကြီးသလောက် စင်ကြယ်အောင် သုတ်သင်ပေး၏။ ဥပမာ ပုလိပ်ဌာနတွင် နာဇီဂိုဏ်းသားမဟုတ်သူများကို အရာရှိ ရာထူး၌မထားဘဲ အကုန်အစင် ထုတ်ပယ်ပစ်၍ နာဇီဂိုဏ်းသားများကိုသာလျှင် အရာရှိခန့်ထား၏။ စာတိုက်ဘက်ဌာနတွင်လည်း အလုပ်သမားဟူသမျှသည် နာဇီဂိုဏ်းသားဖြစ်ရမည်ဆိုရာ၊ နာဇီဂိုဏ်းမှာ နောက်ထပ်လူသစ်များ လက်ခံခြင်းမပြုတော့ရကား၊ ၎င်းဂိုဏ်းသားမဟုတ်သူများမှာ ရာထူးမှ နုတ်ထွက်ခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ လက်မှုစက်မှု ပညာဆိုင်ရာဌာနများ၌မူ၊ အာရယန်လူမျိုးမဟုတ်သူများနှင့် နာဇီဝါဒကို ဆန့်ကျင်ဘက်ပြုကျင့်သူများကိုသာ နုတ်ပယ်၍ အခြားလူများကို ရှေးကအတိုင်းဆက်လက်လုပ်ကိုင်စေ၏။ တရားဘက်ဌာနနှင့် ပြည်ထဲရေးဌာနများမှာလည်း အရေးကြီးသော ရာထူးများရှိနေသည့်အတွက်ကြောင့် အတော်စင်ကြယ်အောင် ရှင်းလင်းသုတ်သင်ခြင်း ခံရ၏။ အရေးကြီးသောအချက်မှာ ဂျာမနီပြည် စီမံအုပ်ချုပ်ရေးဟု ဆိုအပ်သော စက်ကိရိယာကြီးမှာ အခြေအမြစ်သဖွယ်ရှိသော နည်းစနစ်များတွင်

mgyoe.com

mgyoe.com


ပြုပြင်ပြောင်းလဲခြင်းမရှိဘဲ ရှေးယခင်အတိုင်း ကျနစွာ 'စက်လည်' လျက်ရှိ၏။

ဤသို့ဆိုရာ၌ နာဇီဂိုဏ်းသည် သြဇာအာဏာဘာမျှမရှိဟူ၍ မယူဆသင့်ချေ။ ဝန်ကြီးချုပ်များသည် နာဇီဂိုဏ်းသားများဖြစ်၍ ဌာန အသီးအသီးမှ အရာရှိများ အုပ်ချုပ် ကြိုးကိုင်ကြလေရာ၊ မည်သည့် အရာရှိဖြစ်စေ၊ နာဇီဝါဒကို ဆန့်ကျင်ဖီလာပြုမူခဲ့ပါက ရာထူး၌ တနင်္ဂနွေ တစ်ပတ်ထက် ပိုမိုတည်မြဲနေခြင်းငှာ မစွမ်းနိုင်ချေ။

## (၆) ဒေသန္တရအဖွဲ့များ

ပထမ၌ ဟစ်တလာအစိုးရပေါ်လာသောအခါတွင် ဒေသန္တရ အဖွဲ့များ၌ ဖရိုဖရဲကစင့်ကရဲဖြစ်သွား၏။ မသင်္ကာသော အရာရှိများ ထုတ်ပယ်ရခြင်းမှာ ဒေသန္တရ အဖွဲ့များတွင် ဗဟိုအစိုးရအဖွဲ့မှာထက် ပိုမိုမြောက်မြားခဲ့၏။ နာဇီဂိုဏ်းသားများ သွတ်သွင်းခြင်းမှာ တောနယ် များတွင် သာလွန်များပြားခဲ့၏။ ဟစ်တလာအဖို့ အရေးကြီးသော ပြဿနာတစ်ခုမှာ မိမိ၏အကြံအစည်ကို ကူညီအားပေးသူများအား ချီးမြှောက်ရေးပင်ဖြစ်ရာ၊ ဗဟိုအစိုးရအဖွဲ့တွင် ခန့်ထားရန် ခဲယဉ်းသူ များကို ဒေသန္တရအဖွဲ့များသို့ တွင်တွင်ကြီး သွတ်သွင်းပေးခဲ့၏။

၁၉၃၅ ခုနှစ်၊ ဇန်နဝါရီလ၌ ဟစ်တလာသည် မြူနီစီပယ်မှု ဆိုရာတွင် စည်းကမ်းဥပဒေသစ်များ စီမံခဲ့၏။ ရှေးအခါက မြူနီစီပယ် မှုနှင့် ပတ်သက်၍ စနစ်နည်းနာပေါင်း ၄၀ ကျော်မျှရှိ၍ ဒေသအလျောက် တစ်နည်းတစ်ဖုံစီ လိုက်နာကြရာ ဟစ်တလာသည် တစ်ပြည်လုံး အတွက် မြူနီစီပယ် ဥပဒေတစ်ခုတည်း ပြဋ္ဌာန်းအတည်ပြုလိုက်၏။

၎င်းနှစ် နှိဝင်ဘာလတွင် အုပ်ချုပ်စီမံခြင်းလုပ်ငန်းနှင့် နိုင်ငံရေး လုပ်ငန်းတို့ကို တသီးတခြားစီ သတ်မှတ်ပိုင်းခြား၍ ဒီစကြိတ်တစ်ခု

mgyoe.com

mgyoe.com


တွင် နိုင်ငံရေးပါတီခေါင်းဆောင်တစ်ဦးစီ ဆက်လက်တည်ရှိစေပြီး သော်လည်း အုပ်ချုပ်စီမံခြင်းလုပ်ငန်းမှာမူ မြူနီစီပယ်အက်ဥပဒေအရ ခန့်ထားသည့်ဆိုင်ရာအရာရှိ၏လက်ဝယ်၌ အပ်နှင်းထား၏ ၎င်းအရာရှိများသည် နိုင်ငံရေးခေါင်းဆောင်များသို့ တာဝန်ခံမရှိ၊ ဘာလင်မြို့သို့သာလျှင် တိုက်ရိုက်တာဝန်ခံယူရလေသည်။ ၎င်းနည်းစနစ်သည် အုပ်ချုပ်စီမံရေးနှင့် နိုင်ငံရေးလုပ်ငန်းတို့ ရောပြွမ်းရှုပ်ထွေးခြင်းကို ပပျောက်စေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၅)

## ၁။ ရုပ်ညှိုများ စန်းမိုန်ခြင်း

### (၁) ရုပ်ညှိုများနှင့် ရုပ်နက်များ

ဂျာမနီပြည်သည် ယူနီဖောင်းအဝတ်တစ်မျိုးမျိုးကို တစ်ကြိမ်တစ်ခါမျှ မဝတ်ဆင်ခဲ့ဖူးသော ဂျာမနီလူမျိုးတစ်ယောက်မှာ အလွန်တရာ နံ့ချာညံ့ဖျင်းသည်ဟု မှတ်ယူလေ့ရှိ၏။ ယူနီဖောင်းအဝတ်များ တီထွင်ရသောလူများသည် တစ်မျိုးထက်တစ်မျိုးဆန်းသစ်ခဲ့ညားခြင်းရှိအောင် အပြိုင်အဆိုင် စိတ်ကူးကြ၏။ ဟစ်တလာ၏သဘောမှာ ခပ်ရိုးရိုးနှင့်သိုက်မြိုက်သော ယူနီဖောင်းမျိုးကို နှစ်သက်တတ်သော်လည်း ထိုသူတို့ကမူ တတ်နိုင်သမျှ အရောင်စုံ၍ ထူးဆန်းသောပုံစံများကိုသာ တီထွင်ကြ၏။ ထာဝရစစ်တပ်များ ဝတ်ဆင်သောယူနီဖောင်းများအပြင် ဂျာမနီပြည်တွင် ယူနီဖောင်းအမျိုးပေါင်း ၃၁၅မျိုးမျှရှိရာ နာဇီဂိုဏ်းသားများသည် ယူနီဖောင်းတစ်ခုကိုမြင်သည်နှင့်တစ်ပြိုင်နက်မည်သည့် အဖွဲ့က ဝတ်ဆင်သော ယူနီဖောင်းမျိုးဖြစ်သည်ဟု ချက်ချင်းပင် ပြောနိုင်တတ်ရလေသည်။ အဆိုပါ ယူနီဖောင်းများအပြင် အစိုးရက အသိအမှတ်မပြုသည့် ယူနီဖောင်းအမျိုးပေါင်းမှာလည်း မရေမတွက်နိုင်အောင်ရှိသေး၏။

mgyoe.com

mgyoe.com


ရှပ်ညိုများ၏ ယူနီဖောင်းများသည် အရောင်အမျိုးစုံ၍ အလွန်တောက်ပဆန်းကြယ်လှသည့်နည်းတူ၊ ရှပ်နက်များ၏ ယူနီဖောင်းများမှာ အထူးသဖြင့် ရိုးလှ၍အရောင်အဆင်းကို ရှောင်ကွင်းစိမ်ထားလေသည်။ မည်သည့်ဒေသမှ အဖွဲ့ဖြစ်သည်ကို ပိုင်းခြားရန်အတွက် မှေးမှိန်သော အပြာရောင်၊ အစိမ်းရောင်၊ အနီရောင်တို့ဖြင့် ခွဲခြား၍ တစ်လက်မ၏ အပုံ ၅၀ ပုံ တစ်ပုံခန့်မျှသာရှိသော အစင်းကလေးများဖြင့် ရက်လုပ်ထားသော အဝတ်မျိုးဖြင့် ချုပ်လုပ်ရလေသည်။ "ရှပ်နက်" များ၏ ယူနီဖောင်းနှင့်ပတ်သက်၍ တောက်ပြောင်သော အကွက်တစ်ခုမှာ လက်မောင်းတွင် ပတ်စည်းထားသည့် ရဲရဲနီသောအဝတ်တွင် အဖြူဝိုင်းကလေးထည့်ထား၍ ၎င်းအဖြူဝိုင်း၏အလယ်၌ "ဆွာစတီက" ခေါ် စကြာတံဆိပ်တစ်ခု ဖော်ထားခြင်းပင် ဖြစ်လေသည်။ ၎င်းအဖွဲ့၏ တာဝန်ဝတ္တရားမှာ ခံ့ညားလှပခြင်းကိုဖော်ပြရန်အတွက်မဟုတ်။ အစိုးရ၏ အမှုကိစ္စကို ဆောင်ရွက်ရန်မျှသာလျှင် ဖြစ်လေသည်။

'ရှပ်ညို' များမှာ နာဇီဝါဒထင်ပေါ်ခြင်းသို့ရောက်အောင် တိုက်ခိုက်ခဲ့ရသောလူများဖြစ်ရာ ရှပ်နက်များမှာမူ ဟစ်တလာ၏ လက်ရွေးစင် လူငယ်ကလေးများအားဖြင့် ဖွဲ့စည်းထားသော စစ်တပ်ဖြစ်လေသည်။ ၎င်းစစ်တပ်သည် ဟစ်တလာ၏ အမိန့်ကို တရားသည် မတရားသည်၊ နည်းလမ်းကျသည်၊ မကျသည် စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ခိုင်းစေသမျှ အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်သူများဖြစ်ကြသည်။ ရှပ်ညိုများသည် ထင်ပေါ်ခြင်းသို့ရောက်အောင်တိုက်ခိုက်ရသည့် အတိတ်ကာလနှင့် သက်ဆိုင်လေရာ ရှပ်နက်များမှာမူ ပစ္စုပ္ပန်နှင့် အနာဂတ်ရေး အတွက် တာဝန်ရှိသူများဖြစ်ကြလေသည်။ သို့ဖြစ်၍ နာဇီဂိုဏ်းသား များအနက်တွင် 'ရှပ်ညို' 'ရှပ်နက်' ဟူ၍ နှစ်ဌာန ကွဲပြားလျက်ရှိရာ 'ရှပ်ညို'များသည် 'ရှပ်နက်'များအား "ခုမှပေါ်တဲ့ ရွှေကြာပင်"များဟူ

mgyoe.com

mgyoe.com


ထင်မှတ်၍ ၎င်းတို့အား ဟစ်တလာက အရေးပေးခြင်းကို မနာလို မရှုစိမ့်နိုင်အောင်ဖြစ်နေကြ၏။ ဟစ်တလာသည် 'ရှပ်ညို'များ၏ ခေတ်ကုန်ခြင်းကို သိမြင်၍ အခါအခွင့်ကို နားလည်သူတစ်ယောက်ဖြစ်သည့်အားလျော်စွာ ၎င်းတို့ အသုံးဝင်သော စစ်တပ်ဖြစ်အောင် လေ့ကျင့်သောအကြံကို လက်လျှော့ပြီးလျှင် 'ရှပ်နက်'များကိုသာ မိမိ၏လက်ရုံးအဖြစ်အားကိုးအားထားပြုလေတော့၏။

## (၂) ရှပ်ညိုများ ခေတ်ကုန်စပြုပုံ

ချန်ဆလာအဖြစ်သို့ ဟစ်တလာရောက်လာသောအခါ ရှပ်ညိုများသည် ချက်ချင်းလက်ငင်း သူကောင်းပြုခြင်းခံကြရလိမ့်မည်ဟု မျှော်လင့်ကြ၏။ အထူးသဖြင့် ပထမဦးစွာ ဖွဲ့စည်းသောတပ်တွင် ပါဝင်သည့် ရှပ်ညိုတပ်သား ၅ သိန်းတို့သည် ရာထူးများရဖို့ဖြစ်စေ၊ နိုင်ငံစစ်တပ်နှင့် ပေါင်းစည်းရန်ဖြစ်စေ၊ နိုင်ငံစစ်တပ်နေရာတွင် ၎င်းတို့အားထားရန်ဖြစ်စေ မျှော်လင့်ကြ၏။

သို့ရာတွင် ၎င်းလူစုမှာ မကြာမီအတွင်း မိမိတို့၏ မျှော်လင့်ချက်များ အချည်းနှီးဖြစ်ကြောင်း တွေ့ရှိကြရ၏။ ဟစ်တလာသည် အနည်းငယ်မျှသော ခေါင်းဆောင်များအတွက်သာလျှင် ရာထူးများရှာဖွေပေးနိုင်၍ သာမန်အဖွဲ့ဝင်များမှာ နိုင်ငံစစ်တပ်တွင် သာမန်စစ်သားအဖြစ်နှင့်ပင် ဝင်ရောက်ထမ်းရွက်ခွင့်မရကြချေ။ နိုင်ငံစစ်တပ်သည် ခေါင်းဆောင်အနည်းငယ်မျှကိုပင် အရာရှိအဖြစ်နှင့် လက်ခံရန် ငြင်းဆန်လျက်ရှိရာ အဖွဲ့ကြီးတစ်ဖွဲ့လုံးကို လက်ခံဖို့မှုကား အလွန်ကွာလှမ်းသေး၏။ သို့ဖြစ်ရကား "ကောင်းစားပါစေမည်"ဟု ဟစ်တလာ၏ကတိထားချက်များမှာ ပျက်ကွက်ရာရောက်သည်ဖြစ်၍စိတ်အပျက်ကြီးပျက်ကြရလေပြီ။

mgyoe.com

mgyoe.com


ယင်းသို့ရှိစဉ် "ရှပ်နက်"များသည် အကောင်းဆုံး ရာထူးများကို ရရှိကြသောအခါ ရှပ်ညိုများသည် ဟစ်တလာ၏ စိမ်ပုံကို အပြစ်အနာအဆာ ရှာလိုကြ၏။ ရှပ်ညိုများ၏စိတ်၌ ဂိုရင်းသည် မိမိတို့အား ကန္တကပြုလုပ်နေသည်ဟု ယူဆကြ၏။ "ရှပ်ညို"များ၏ မကျေနပ်သောအသံများသည် တဖြည်းဖြည်း ဆူညံသည်ထက် ဆူညံလာရကား ၁၉၃၃ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် ဟစ်တလာသည် ၎င်းတို့၏အကျိုးကို ငဲ့ညှာထောက်ထားပါမည်ဟူ၍ အသံလွှင့်စက်ဖြင့် ဖွင့်ဟပြောဆိုရ၏။ 'ကျွန်ုပ်၏နောက်ဆုံးသွေးတစ်စက်သို့တိုင်အောင် သင်တို့အပေါ်၌ ကျွန်ုပ်သစ္စာစောင့်ပါမည်" ဟူ၍ ဟစ်တလာ ပြောရဖူး၏။

အမှန်ကို ပြောရသော် "ရှပ်ညို" များသည် အားလုံးအသုံးမဝင်ဘဲ အပိုဖြစ်၍နေကြလေပြီ၊ ဟစ်တလာမှာ နိုင်ငံရေးပုလိပ်အဖွဲ့နှင့် "ရှပ်နက်"များရှိနေရကား "ရှပ်ညို"များ၏ အကူအညီကို အလိုမရှိတော့ချေ။ ထို့ပြင် ၎င်းလူစုကို အုပ်ချုပ်ရသော အလုပ်မှာလည်း လွယ်ကူလှသည်မဟုတ်ချေ။ မကျေနပ်သော ရှပ်ညိုများက သူပုန်ထမည့်အရေးကိုလည်း စိုးရိမ်ရသေး၏။ ဟစ်တလာမှာ အစိုးရအဖြစ်သို့ရောက်လာပြီဖြစ်၍ လမ်းပေါ်၌ တိုက်ခိုက်ရခြင်း၊ ပုလိပ်များ၏ဦးခေါင်းကို ရိုက်ခွဲရခြင်းစသော ရှေးကအလုပ်မျိုးဖြင့် မကြာခဏသတိပေးနေခြင်းကို အလိုမရှိချေ။ အဆိုးရွားဆုံးသောအချက်တစ်ခုမှာ များစွာသော "ရှပ်ညို"များက ဟစ်တလာသည် အတိုက်အခံ ဂိုဏ်းသားဘဝက ထားခဲ့သောကတိများကို ဖောက်ဖျက်ကြောင်းနှင့် စွပ်စွဲပြောဆိုနေကြခြင်းပင်ဖြစ်လေသည်။

ရှပ်ညိုအဖွဲ့ဝင်များမှာ အလုပ်သမားများ၊ ကျောင်းသားများ၊ ဈေးသည်ကလေးများမျှသာဖြစ်လေရာ "ရှပ်နက်"အဖွဲ့ဝင်များမှာမူ ဥစ္စာပစ္စည်းများအားဖြင့်လည်းကောင်း၊ ပညာအရည်အချင်းအားဖြင့်လည်း

mgyoe.com

mgyoe.com


ကောင်း၊ အထက်တန်းစားလူများဖြစ်ကြသည့်အပြင် ခိုင်းစေသမျှ အတိုင်း ဆင်ခြေမပေးဘဲ ရက်ရက်စက်စက်ဆောင်ရွက်ဝံ့သူများဖြစ်ကြလေသည်။ ရုပ်နက်များသည် အနစ်နာခံရန်ရှိက မညည်းမညူ သည်းခံကြ၍ နှလုံးမသာယာဖွယ်သော ဝတ္တရားများကို ကြေးမထူဘဲဆောင်ရွက်ကြလေသည်။ တွင်ကျယ်အောင် အလုပ်လုပ်ရန်မျှသာ ရည်ရွယ်ချက်ထား၍ ဆင်ခြေဆက်လက်မပေးဘဲ ဆောင်ရွက်တတ်ကြလေသည်။

ရုပ်ညိုအဖွဲ့အဝင်များမှာမူ မိမိတို့သည် မူလ ပထမ၌နိုင်ငံရေးလိုက်စားသော မြို့သူမြို့သားများသာဖြစ်ကြောင်းကို မမေ့မလျော့နိုင်ဘဲ စစ်တိုက်ခိုက်ခြင်းအလုပ်ကို "မင်းတိုင်းကြေ" မျှလောက်သာ သဘောထားကြ၏။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုယ် နိုင်ငံရေးသမားများနေရာ၌ထား၍ မိမိတို့အား ခိုင်းစေသမျှသော ကိစ္စများတွင် ဟစ်တလာက ရှင်းလင်းပြောပြရန် မျှော်လင့်ကြ၏။ သို့ဖြစ်၍ ၎င်းတို့သည် လမ်းပေါ်၌ တိုက်ခိုက်ရသော စစ်ပွဲများတွင် အသုံးဝင်ကြသော်လည်း လူမျိုးတစ်မျိုးလုံးကို ကြီးစိုးလွှမ်းမိုးရန်အတွက် ရက်ရက်စက်စက် တင်းတင်းမာမာ မညှာမတာပြုမူဆောင်ရွက်ရသော စစ်တပ်မျိုးအတွက်မူကား အသုံးမဝင်ကြောင်း တွေ့ရ၏။ စင်စစ်မှာ ရုပ်ညိုများသည် တိုင်းသူပြည်သားမျှသာဖြစ်၍ ရုပ်နက်များသည်သာလျှင် ဗဟိုအစိုးရ၏အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရသော အမှုဆောင်အဖွဲ့ကြီးဖြစ်နေ၏။ ရုပ်ညိုများနှင့် ရုပ်နက်များသည် ပထမ၌ သဘောကွဲလွဲရာမှ ဂုဏ်တုဂုဏ်ပြိုင်အဖြစ်မျိုးသို့ ရောက်လာပြီးလျှင် တစ်ဖက်နှင့် တစ်ဖက်တိုက်ခိုက်သောအဖြစ်သို့ရောက်၍ နောက်ဆုံး၌ ရုပ်ညိုများသည် အရေးရှုံးနိမ့်ကာ ဘီယာဆိုင်များတွင် ရှေးဟောင်းနှောင်းဖြစ်များကို လွမ်းဆွတ်ကာ ပြန်ပြောရသော အခြေသို့ရောက်သွားကြလေကုန်၏။

mgyoe.com

mgyoe.com


ဟစ်တလာသည် ၁၉၃၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် "ရှပ်ညို" ခေါင်းဆောင်များကို သုတ်သင်စီရင်လိုက်ကြောင်း တစ်ကမ္ဘာလုံးသိရှိပြီးဖြစ်ရာ ၎င်းလမတိုင်မီ ၄ လခန့်ကပင် ထိုလူစုကို တစ်နည်းနည်းဖြင့် သုတ်သင်စီရင်ရမည်ဟူ၍ ဟစ်တလာ၏ စိတ်ထဲ၌ဆုံးဖြတ်ပြီးဖြစ်၏။ ဂိုးရင်းသည် လွန်ခဲ့သော အတိတ်ကာလနှင့် ပတ်သက်၍ ကြားရသောအသံများကို နားမခံနိုင်အောင်ရှိပြီဖြစ်၍ ဟစ်တလာ၏အကြံကို ထောက်ခံအားပေးခဲ့၏။ ၁၉၃၃ ခုနှစ်၊ ဧပြီလကုန်ခါနီးတွင် "ရှပ်ညို" များ၏အရေးကို ရှေးဦးစွာ စတင်စီမံခဲ့ရာ ဟစ်တလာ၏ ကက်ဘိနက်အဖွဲ့သည် "ရှပ်ညို" အဖွဲ့ဝင်များကို စစ်ဥပဒေအောက်သို့ သွတ်သွင်းသည့် ပြဋ္ဌာန်းချက်တစ်ခုကို အတည်ပြုခဲ့၏။ "ရှပ်ညို"များကမူ ၎င်းပြဋ္ဌာန်းချက်သည် မိမိတို့အား စစ်တပ်နှင့် အတန်းတူထားရာရောက်သည်ဟု မှတ်ယူကြ၍ ဂုဏ်ကျက်သရေရှိစေဖို့ဖြစ်သည်ဟု အထင်မှားကြ၏။ စင်စစ်သော်ကား ၎င်းပြဋ္ဌာန်းချက်သည် "ရှပ်ညို"များအပေါ်၌ ဟစ်တလာက ကျပ်တည်းစွာ အရေးယူနိုင်ခွင့်ရှိစေခြင်းငှာ ဖန်တီးလိုက်ခြင်းမျှသာဖြစ်၏။ ထိုအခါမှစ၍ ဟစ်တလာသည် "ရှပ်ညို" အဖွဲ့ကြီးတစ်ခုလုံးကို ဖြိုဖျက်ရန် အခွင့်ကောင်းကို စောင့်ဆိုင်းဖို့သာရှိတော့၏။

"ရှပ်ညို"များသည် မကျေနပ်သော အခြင်းအရာများကို ဆူညံစွာ ထုတ်ဖော်ပြောဆိုစပြုလာရကား ၁၉၃၃ ခုနှစ်၊ ဇူလိုင်လတွင် ဟစ်တလာကကျပ်တည်းသော သတိပေးချက်တစ်ခုထုတ်ပြန်လိုက်၏။ ခေါင်းဆောင်များ၏ အစည်းအဝေးတစ်ခုတွင် ဟစ်တလာက လက်ရှိအခြေအနေကို ပြုပြင်ပြောင်းလဲရန် ကြိုးစားသူဟူသမျှကို ရက်ရက်စက်စက် ဖိနှိပ်ဖြိုဖျက်ရလိမ့်မည်ဟု ပြော၏။ ဤကဲ့သို့ သတိပေးခြင်းအားဖြင့် ညည်းတွားဆူပူလျက်ရှိသော "ရှပ်ညို"များသည် ဟစ်တလာ

mgyoe.com

mgyoe.com


ထံမှ ထောက်ထားငဲ့ညှာခြင်းတို့ကို မျှော်လင့်ရန်မရှိဘဲ "သေလျှင် မြေကြီး၊ မသေလျှင် ရွှေထီး"ဟူသော သဘောမျိုးနှင့် ခွန့်ခွန့်စားစား ခရီးသွားဖို့နည်းလမ်းတစ်ခုတည်းသာရှိကြောင်း သိကြဖို့ကောင်း၏။

၁၉၃၄ ခုနှစ်တွင် ညည်းတွား ဆူပူသံများသည် ဆူညံသည်ထက်ဆူညံလျက်ရှိရာ ၄င်းနှစ် ဇူလိုင်လတွင် "ရှပ်ညို"များအား ပင်ပန်းတကြီး အလုပ်လုပ်ခဲ့ရသည့်အတွက် ဆုပေးသော သဘောမျိုးနှင့် တစ်လပတ်လုံး အားလပ်ခွင့်ပေးမည်ဟု ကြေညာခဲ့၏။ ထိုအတောအတွင်း၌ 'ရှပ်ညို'ခေါင်းဆောင်များ ပြောဆိုသည့် တင်းမာသောစကားများ၊ 'ရှပ်ညို'အဖွဲ့ဝင်များနှင့် 'ရှပ်နက်'အဖွဲ့ဝင်များ ရုံဖန်ရံခါခိုက်ရန်ဖြစ်ပွားခြင်းများကို အကြောင်းပြု၍ တိုင်းသူပြည်သားတို့သည် တစ်စုံတစ်ခု အကြီးအကျယ် ဧကန်မုချဖြစ်ကြရတော့မည်ဟု ထိတ်လန့်တုန်လှုပ်ကာရှိနေကြ၏။ ယင်းသို့ရှိကြစဉ် ဂိုဘဲလ်က ဇူလိုင်လအတွင်း၌ မည်သည့် အစည်းအဝေးမျှ ကျင်းပခြင်းမရှိစေရဟူသော အမိန့်ကို ထုတ်ပြန်လိုက်၏။ ဂိုဘဲလ်၏ လက်အောက်အရာရှိဖြစ်သော ဂေါလစ်ဇာကလည်း အလိုမရှိအပ်သော အသင်းသားများကို ပါတီမှထုတ်ပယ်လိမ့်မည်ဟု ကြိုတင်ပြောဆိုလိုက်၏။ စစ်ဗိုလ်ကြီးဘလုံဘတ်ကလည်း မည်သည့် အရေးကိစ္စမျိုးတွင်ဖြစ်စေ စစ်တပ်သည် ဟစ်တလာကို ထောက်ခံလိမ့်မည့်အကြောင်း ကြေညာလိုက်၏။ ရှပ်ညိုခေါင်းဆောင်တစ်ဦးက 'ဂျာမနီပြည်ကြီး အမြဲထာဝရတည်ရှိရမည့်နည်းတူ ရှပ်ညိုများသည်လည်း အမြဲထာဝရတည်ရှိမည့်အကြောင်း ပြော၏။ သို့ရာတွင် ထိုကဲ့သို့ ပြောမိသောလူ၏ ပါးစပ်မျှ မပိတ်ရသေးမီ ရှပ်ညိုများ ပျက်စီးလွင့်စဉ်ရသော အခြင်းအရာကြီးတစ်ခုဖြစ်ပွားခဲ့၏။

mgyoe.com

mgyoe.com


## (၃) မှတ်သားလောက်သော ဇွန်လ ၃၀ ရက်နေ့

၁၉၃၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့သည်ကား ဂျာမနီပြည်၏ ရာဇဝင်တွင် မမေ့မပျောက်နိုင်သော နေ့ရက်ကြီးတစ်ခုဖြစ်၏။ အကြောင်းမူကား ဟစ်တလာသည် ထိုနေ့တွင် ရှပ်ညိုခေါင်းဆောင်များကို သုတ်သင်စီရင်လိုက်သောကြောင့်ပေတည်း။

ဂျာမနီအစိုးရ၏ အဆိုမှာ အချို့သောလူတစ်စုသည် ဇူလိုင်လဝင်သည်နှင့် တစ်ပြိုင်နက် အကြီးအကျယ် ပုန်ကန်ထကြွရန် စီမံထားကြသည်ဆို၏။ ဘာလင်မြို့၊ မြူနစ်မြို့စသော မြို့ကြီးများကို ရှေးဦးစွာ စီးရန် အကြံပြုထားကြသည်ဆိုရာ ဟုတ်မဟုတ်ကိုမူ ဆုံးဖြတ်ရန် အလွန်ခဲယဉ်းလှ၏။

ဟစ်တလာ၏ ရှပ်ညိုအဖွဲ့တွင် ခေါင်းဆောင်များသည် တိုက်ခိုက်ခြင်းအလုပ်ဖြင့် အသက်မွေးသည့် စစ်ဗိုလ်များသော်လည်းကောင်း၊ စိတ်အားထက်သန်သည့် ကောလိပ်ကျောင်းသားအစရှိသည့် လူငယ်များသော်လည်းကောင်း၊ ဘော်လန်တီယာခေါ် အပျော်တမ်းစစ်တပ်ခေါင်းဆောင်များသော်လည်းကောင်း ဖြစ်ကြလေရာ ၎င်းတို့သည် တိုက်ခိုက်ခြင်းအလုပ်တွင် မွေ့လျော်၍ လက်နက်အားကိုးအလုပ်မျိုးကိုသာ အခါခပ်သိမ်း လိုလားတောင့်တသူများဖြစ်ကြ၏။ ၎င်းတို့အနက် ရာထူးလက်ကိုင် မရနိုင်သူများသည် သူပုန်ထကြွလိုသောကြောင့် အခြားဂိုဏ်းသားများနှင့် ပူးပေါင်း၍ မကျေမချမ်းဖြစ်ရသော 'ရှပ်ညို'အဖွဲ့ကြီးကို ဦးစီးဦးကိုင်ပြုလုပ်ကြ၏။ ထိုခေါင်းဆောင်များ၏ စိတ်၌ ဟစ်တလာသည် တိုင်းပြည်ပြုပြင်ပြောင်းလဲခြင်းအလုပ်ကို လက်စသတ်အောင် မဆောင်ရွက်ဘဲ ဂိုဘဲလ်နှင့် ဂိုးရင်းတို့၏စကားကို နားယောင်၍ တစ်ပိုင်းတစ်စနှင့် ရပ်တန့်နေသည်ဟု မှတ်ထင်ကြ၏။ ၎င်းတို့က ထိုသူနှစ်ယောက်ကို ဖြုတ်ပစ်၍ ရှပ်ညိုတိုင်းကို အလုပ်

mgyoe.com

mgyoe.com


ပေးနိုင်မည့် ခေါင်းဆောင်မျိုးကို ၎င်းတို့နေရာ၌ ခန့်ထားသင့်သည်ဟု ယူဆကြ၏။

ထို့ပြင် ရုပ်ညိုအဖွဲ့သည် နိုင်ငံစစ်တပ်နှင့်လည်း မကျေမချမ်း ဖြစ်နေ၏။ ရုပ်ညိုများ၏ ဆန္ဒမှာ မိမိတို့အဖွဲ့ကြီးမှ တပ်ခွဲအချို့ကို နိုင်ငံစစ်တပ်သို့ ပူးပေါင်း၍ ကျန်လူများ ဒုတိယနိုင်ငံစစ်တပ်အဖြစ်နှင့် ထား၍ နိုင်ငံစစ်တပ်နှင့် အခွင့်အရေးတန်းတူရလိုကြ၏။ သို့ရာတွင် စစ်ဗိုလ်ကြီးများကသော်လည်းကောင်း၊ ဟစ်တလာကသော်လည်း ကောင်း ထိုကဲ့သို့ စီမံရန် အကြံမရှိကြချေ။ ဟစ်တလာကမူ ရုပ်ညို လူငယ်များ မကျေမချမ်းခြင်းမှာ ခေါင်းဆောင်များက မြှောက်ပင့်ပေး သည့်အတွက်ကြောင့်ဟု မှတ်ထင်၍ ခေါင်းဆောင်များအပေါ်၌ မကျေ မနပ်ဖြစ်၏။

ဇွန်လ ၃၀ ရက်နေ့တွင် သူပုန်ထရန်အကြံရှိသည်ဟု ဂျာမနီ အစိုးရကဆိုသော်လည်း ခေါင်းဆောင်များအား လွယ်လင့်တကူ ဖမ်းယူ ရမိနိုင်ခြင်းကိုထောက်သော် အစိုးရ၏ စွပ်စွဲချက်မှာ ယုတ္တိမရှိလှချေ။ အချို့မှာ မိမိ၏မယားနှင့် တစ်တိုင်းတစ်ပြည်သို့ လှည့်လည်ရှုစားရန် ပြင်ဆင်လျက်သော်လည်းကောင်း၊ အချို့မှာ တောင်ခေါင်း၌ရှိသော မိမိ၏ဆိတ်ငြိမ်သော နေအိမ်အတွင်း၌ လက်တိုအကျီကလေးဖြင့် ငြိမ်းချမ်းစွာထိုင်နေလျက်သော်လည်းကောင်း၊ အချို့မှာ မိမိ၏ ဥယျာဉ် ကလေးအတွင်း အိမ်သူအိမ်သားများနှင့်အတူ ထိုင်လျက်သော်လည်း ကောင်း တွေ့ရှိကြရခြင်းကိုထောက်သော် ထိုနေ့ ထိုရက်၌ သူပုန် ထရန် ကြံစည်နေကြသည်ဆိုသော စွပ်စွဲချက်မှာ ယုံကြည်ရန် လွန်စွာ ခဲယဉ်းလှပေ၏။

အသတ်ခံရသောသူများ၏ အမှုအရာနှင့်ပတ်သက်၍ ယုံမှား ဖွယ်ရာရှိသော်လည်း ဟစ်တလာ၏ အပြုအမူနှင့်ပတ်သက်၍မူကား

mgyoe.com

mgyoe.com


ယုံမှားသံသယ ဖြစ်ဖွယ်ရာအကြောင်းမရှိချေ။ ဇွန်လ ၃၀ ရက်နေ့ နံနက် ၂ နာရီအချိန်တွင် ဟစ်တလာနှင့် ဂိုဘဲလ်တို့သည် နောက်ပါ နှစ်ယောက်တို့နှင့်အတူ ဟင်ဂလာလေယာဉ်ပျံရုံမှ လေယာဉ်ပျံနှင့် ထွက်ခွာခဲ့၍ နံနက် ၄ နာရီအချိန်တွင် မြူနစ်မြို့သို့ဆိုက်ရောက်လာကြ၏။ ၎င်းမြို့တွင် မေဂျာဘုချိန္ဒင့် ရှပ်နက်အဖွဲ့ဝင် စစ်သားများကို မိုတာကား ၅ စီးဖြင့် တင်ဆောင်၍ ဂီဆီမြို့သို့ ညတွင်းချင်း မောင်းနှင် လာကြ၏။ ထိုမြို့၌ နာမည်ကျော် ရှပ်ညိုခေါင်းဆောင်အချို့ကို ဖမ်းဆီး ရာ အချို့မှာ ဖမ်းဆီးရင်းပင် အသက်ဆုံးရှုံးကြရ၏။ အချို့မှာလည်း အိပ်ရာထဲ၌ပင် အဆုံးစီရင်လိုက်ကြ၏။ ၎င်းနောက် ဖမ်းဆီးရမိသော ခေါင်းဆောင်များကို ကားနှင့်တင်ဆောင်ခေါ်သွား၍ အထူးနာမည် ကျော်ကြားသော ရုမ်းဆိုသူကား မြေတိုက်ထဲတွင် လှောင်ထားပြီးလျှင် ကျည်ဆန်တစ်ခုတည်းပါသော ခြောက်လုံးပြူးသေနတ်ကို ပေးအပ်၍ မိမိကိုယ်ကိုယ်ပစ်သတ်ခိုင်း၏။ သို့ရာတွင် ရုမ်းသည် နှစ်နာရီ တိုင်တိုင် ငြင်းဆန်လျက်ရှိရကား နောက်ဆုံး၌ စစ်သားများက ပစ်သတ်လိုက်ကြ ၏။

၎င်းနောက် ဟစ်တလာသည် ကက်ဗိနက်အဖွဲ့၏ဌာနသို့ သွား၍ ခေါင်းဆောင်များနှင့် တွေ့ဆုံပြီးလျှင် ရှပ်ညိုအဖွဲ့ကို ဆင်ဖွဲ့ စည်းလိုက်သည့်အကြောင်း အမိန့်များထုတ်ဆင့်လိုက်၏။ ဟစ်တလာ သည် တစ်မဟုတ်ချင်းတွင် ရှပ်ညိုအဖွဲ့နှင့်ဆိုင်ရာ စည်းကမ်း ၁၄ ချက်ကို ထုတ်ပြန်လိုက်ရာ အလွန်တရာ စေ့စပ်စုံလင်လှသည်ဖြစ်သော ကြောင့် ပညာရှိများ၏ ချီးမွမ်းခြင်းကိုပင် ခံရသည်ဟု သိရှိရ၏။ ၎င်း ကိစ္စပြီးစီးသည်နောက် ဟစ်တလာသည် လေယာဉ်ပျံဖြင့် ဘာလင်မြို့ သို့ ပျံသွားရာ ထိုည၌ ၁၀ နာရီအချိန်တွင် ဆိုက်ရောက်လေ၏။

ဟစ်တလာက ရှပ်ညိုများကို သုတ်သင်ရန် ဆုံးဖြတ်ချက်ကို

mgyoe.com

mgyoe.com


ယမန်ညလယ်တွင်မှ ချမှတ်ရကြောင်းနှင့် ပြောဆိုရာ ဂိုရင်းကမူ တစ်မျိုး ပြောဆို၏။ နောက်တစ်နေ့ နံနက်၌ ဂိုရင်းသည် သတင်းစာကိုယ်စားလှယ်များနှင့်တွေ့၍ "သူ့အမိန့်ပေးသည်နှင့် တစ်ပြိုင်နက် သုတ်သင်ရန် လွန်ခဲ့သော ရက်အနည်းငယ်ကတည်းက ဟစ်တလာကမှာထား၍ ၎င်းကိစ္စအတွက် ကျွန်ုပ်အား အာဏာကုန်လွှဲအပ်ထားကြောင်း" နှင့် ပြောပြလေသည်။ စစ်ဗိုလ်ကြီး ဘလုံဘတ်သည်လည်း စစ်တပ်များကို တစ်မျိုးတစ်မည် စီစဉ်ထားနှင့်သည့်အတွက်ကြောင့် ဤကိစ္စကို မဆွမှ ကြိုတင်သိရှိထားသည့်လက္ခဏာရှိ၏။

ဇွန်လ ၃၀ ရက်နေ့က အဖြစ်အပျက်များကို သိရှိရသလောက် ဖော်ပြရမည်ဆိုသော် သစ္စာဖောက်သော နာဇီဂိုဏ်းသားများကို ဆုံးမရသောဌာန၏ အကြီးအမှူးဖြစ်သော မောဂျာဘုချိသည် မြူနစ်မြို့တွင် သတ်ဖြတ်ခြင်းများကို ကြီးကြပ်စီမံရ၏။ စတောဒ်လ်ဟိန်ထောင်ဝင်းအတွင်း ထိုနေ့က တွေ့ကြုံရသောအဖြစ်အပျက်များမှာ မမြင်ဝံ့ မရှုဝံ့အောင်ရှိတော့၏။ ဟစ်တလာကိုသတ်ရန် ရွေးချယ်ထားသည်ဆိုသော အူးဒလ်သည်လည်းကောင်း စစ်အတွင်း၌ ရဲစွမ်းသတ္တိရှိကြောင်းနှင့် အထူးကျော်ကြားခဲ့သော ကရောဆားသည်လည်းကောင်း၊ မြူနစ်မြို့ ပုလိပ်ဌာန၏ အကြီးအမှူးဖြစ်သော ရှုနီဟူဘာသည်လည်းကောင်း၊ လက်တစ်ဖက်သာရှိသော ဟောဒီဘရက်သည်လည်းကောင်း၊ နာဇီဂိုဏ်းသို့ ပထမဦးစွာဝင်လာခဲ့သော ဟောန်သည်လည်းကောင်း၊ အစိုးရကို အပြစ်ရှာလွန်းသည့် သတင်းစာဆရာ ဘမစ်သည်လည်းကောင်း၊ နံရံတွင် ကပ်မှီ၍ သေနတ်ကိုင်စစ်သားတို့၏ရှေ့တွင် တစ်ယောက်ပြီး တစ်ယောက် ကျဆုံးကြရလေ၏။ ထိုပြင် နာမည်ဖော်ပြလောက်အောင် မထင်ရှားသေးသည့် တစ်ရာမကသောခေါင်းဆောင်များသည်လည်း ထိုနည်းအတူ သေနတ်နှင့်ပစ်ကာ စီရင်ခြင်းခံကြရ၏။

mgyoe.com

mgyoe.com

ထိုအတောအတွင်း၌ ဂိုရင်းသည် ဘာလင်မြို့သို့ သုတ်သင်ရှင်းလင်းရန်အတွက် နောက်ချန်နေရစ်၏။ စားပွဲ၌ အလုပ်လုပ်လျက်ရှိစဉ် သေနတ်နှင့် ပစ်သတ်ခြင်းခံရသောလူများနေအိမ်မှ ဆွဲထုတ်သေနတ်ပစ်ခံရသူများ၊ လင်နှင့်မယား ထမင်းစားနေကြစဉ် စုံတွဲလိုက်ပစ်သတ်ခြင်းခံရသူ၊ အိပ်ခန်းမှဆွဲထုတ်၍ ကားနှင့်တင်ခေါ်သွားပြီးမှ ပစ်သတ်ခြင်းခံရသူများ၏ အမည်များကို စာရင်းဖြင့် ဖော်ပြရသော် အတော်ပင် ရှည်လျားဖွယ်ရာရှိ၏။ ထိုနေ့ တစ်နေ့လုံး စီရင်၍ မပြီးစီးလပ်သော် ဂိုရင်းတို့လူစုသည် ဓာတ်မီးများထွန်းညှိ၍ ဓာတ်မီးရောင်တွင် ဆက်လက်သုတ်သင်ကြ၏။ စစ်သားများသည် အလောင်းများကို မြင်းလှည်းများဖြင့် တင်ဆောင်၍ တစ်မိုင်ခန့်ကွာလှမ်းသောနေရာတွင် သင်္ဂြိုဟ်ကြ၏။

ဟစ်တလာ၏အဆိုမှာ မိမိသည် သူပုန်ထရန် ကြံစည်လျက်ရှိသော စစ်တပ်ကြီးကို အုပ်ချုပ်ရသည့် စစ်ဗိုလ်ကြီးကဲ့သို့ ဖြစ်နေ၍ မိမိသည်သာလျှင် ဂျာမန်လူမျိုးတစ်မျိုးလုံးတို့၏ အထွတ်အထိပ်ဖြစ်သော လွှတ်ရုံးတော်ကြီးဖြစ်သည်ဟု ဆို၏။ ဇူလိုင်လ ၁၃ ရက်နေ့၌ ဟစ်တလာ၏နောက်လိုက်များဖြစ်သော ဂျာမန် ပါလီမန်သည် ဇာတ်ရုံကြီးတစ်ရုံတွင် အစည်းအဝေးကျင်းပရာ ဟစ်တလာသည် လူကြီး ၆၀၀ တို့၏ရှေ့တွင် မိမိအားလုပ်ကြံမည့် သူပုန်ကြီး၏အကြောင်းကို လှိုက်လှိုက်လှဲလှဲဖြစ်လောက်အောင် ပြောပြ၍ ထိုသူပုန်များသည် နိုင်ငံခြားအစိုးရတစ်ဦးနှင့်ပူးပေါင်း၍ လွန်ခဲ့သော လပေါင်းများစွာကတည်းက လျှို့ဝှက်စွာ အကြံထုတ်နေကြကြောင်းနှင့် အကျယ်တဝင့်ပြောပြလေ၏။

အာဏာရှင်အဖြစ်နှင့် အုပ်ချုပ်ခြင်း မည်သည်မှာ ဒီမိုကရေစီတိုင်းပြည်များမှာကဲ့သို့ ထောက်ထားငဲ့ညှာရန်မဖြစ်နိုင်ကြောင်းနှင့်

mgyoe.com

mgyoe.com

ဆင်ခြေပေးတတ်သူများလည်းရှိကြ၏။ ထိုသူတို့၏ သဘောအရမှာ ပုန်ကုန်ထကြွခြင်းသည် တကယ် ရှိ မရှိ အပထား၍ သူပုန်ထကြွစေနိုင်လောက်သော သဘောထားမျိုးဖြစ်ပေါ်နေကြောင်းကို အရိပ်နိမိတ်မြင်ရသည်နှင့်တစ်ပြိုင်နက် ဟာစ်တလာနည်းတူ တင်းတင်းမာမာ အရေးယူနှိပ်ကွပ်ရမည်ဆို၏။ တစ်ခါတစ်ရံ စစ်သားများ သူပုန်ထကြွမည့်အရိပ်အကဲမျိုး တွေ့မြင်ရ၍ မည်သူမည်ဝါ ပါဝင်ကြောင်း သေချာစွာ မပြောနိုင်သည့်အခါ လူအားလုံးကို တန်းစီစေ၍ ၁ မှ ၁၀ အထိ ရေတွက်စေပြီးလျှင် ၁၀ ကျသူတိုင်းကို ခေါ်ယူခါ သေနတ်နှင့် ပစ်သတ်ရသည်ဆို၏။ ဤသို့ စီရင်သုတ်သင်ခြင်းအားဖြင့် အပြစ်ရှိသူ မရှိသူဟူ၍ ပိုင်းခြားသတ်မှတ်နိုင်ခြင်းမရှိဘဲ "ကံဆိုးမိုးမှောင်" ခံကြ ရသော်လည်း ကျန်လူများ ထိတ်လန့်သွား၍ သူပုန်ထရန်အကြံကို လက်လျှော့ရဖူးသည်ဆို၏။ ၎င်းနည်းနှင့် နှိုင်းစာသော် ဟာစ်တလာ၏ သုတ်သင်နည်းမှာ တော်ပါသေး၏ဟု ဆိုရပေမည်။

ဟာစ်တလာ ပြောဆိုသော စကားများအရ ဂျာမန်အစိုးရ၏ မူရင်းဝါဒသဘောမှာ "တိုင်းပြည်ကောင်းစားရေးသည် လူအသီးသီး၏ ကောင်းစားရေးထက် ပိုမိုအရေးကြီးသည်"ဟု ဆိုရကား နာဇီဂိုဏ်းကဲ့သို့သော အဖွဲ့ကြီးမျိုးမှာ ရံဖန်ရံခါ သုတ်သင်ရှင်းလင်းခြင်းခံရမည်ကား မလွှဲမရှောင်သာသော အခြင်းအရာတစ်ခုပေတည်း။

ဟာစ်တလာက ထိုနေ့ညတွင် နာဇီဂိုဏ်းသားပေါင်း ၇၆ ဦးမျှ သုတ်သင်ရှင်းလင်းလိုက်ရသည်ဟု ဝန်ခံ၏။ ၎င်းတို့အနက် ၇၄ ယောက်မှာ နာဇီခေါင်းဆောင်များ၏ အမည်နှင့် အတ္ထုပ္ပတ္တိများဖော်ပြပါရှိသော စာအုပ်ကြီးတွင် ပါရှိသူများဖြစ်ရကား ဟာစ်တလာသည် ထိုလူများ၏ အမည်စာရင်းကို စက္ကူဖြူဖြင့် ဖုံးအုပ်စေ၍ ကွက်လပ်ကြီး ချန်လှပ်ထားစေ၏။ သို့ရာတွင် ၎င်းစာအုပ်ကြီးမှ ခေါင်းဆောင်များ၏

mgyoe.com

အမည်များကို စုံလင်စွာထည့်သွင်းဖော်ပြခြင်းမပြုသောကြောင့် ထိုည က အနည်းဆုံး ခေါင်းဆောင်ပေါင်း ၁၅၀ ခန့်မျှ အသတ်ခံရသည်ဟု အချို့က ခန့်မှန်းကြ၏။ အချို့ကမူ အသတ်ခံရသူတို့၏ အရေအတွက် မှာ ရာပေါင်းများစွာရှိသည်ဟူ၍ပင် ပြောကြသေး၏။

နာဇီဂိုဏ်းသားများ ထိုမျှလောက် သစ္စာဖောက်ကာမျှနှင့် အသက်ဆုံးရှုံးအောင် စီရင်ရန်ထိုက် မထိုက်ကို စောဒကဝင်လိုကြဟန် လက္ခဏာမရှိဘဲ သေဆုံးသူများအကြောင်းကို ပေါ့လျော့စွာ ပြောတတ် ကြ၏။ တိုင်းသူပြည်သားတို့ကလည်း ထိုကဲ့သို့ ရက်စက်စွာ သုတ်သင် စီရင်ခြင်းကို ကျေနပ်စွာ လက်ခံလိုက်ကြ၏။ အမှန်ကိုဆိုရသော် ထိုကဲ့သို့ သတ်ဖြတ်လိုက်သည့်အတွက်ကြောင့်ပင်လျှင် ဟာစ်တလာမှာ နာမည်ကြီးသည်ထက် ကြီးကျယ်လာ၍ ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ကိုးကွယ်ခြင်းခံရသေး၏။ တိုင်းပြည်ကောင်းစားရေးအတွက် မိမိနှင့် ချစ်ကျွမ်းဝင်သော မိတ်ဆွေရင်းများကို သတ်ဖြတ်ရက်သော လူတစ် ယောက်သည် 'ဟီးရိုး' လူစွမ်းကောင်းကြီး စင်စင်ဖြစ်ပါပေ၏ဟူ၍ မှတ်ထင်ကြသည့် လက္ခဏာရှိ၏။

ဘေးလူ၏မျက်စိဖြင့်ကြည့်သော် အချို့ခေါင်းဆောင်များအား ဟာစ်တလာသတ်ဖြတ်လိုက်ပုံမှာ အပြစ်မကင်းသည့် လက္ခဏာရှိ၏။ ပမာဆိုသော် ရှမ်းဆိုသူသည် ဟာစ်တလာငတ်မွတ်စဉ်က ကျွေးမွေးခဲ့ ဖူး၍ နာဇီပါတီ ကြီးပွားအောင် အထူးကြိုးပမ်းဆောင်ရွက်ခဲ့ဖူးသည့်ပြင် လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ်အတွင်း၌ပင် အခမ်းအနားတစ်ခု တွင်ဟာစ်တလာနှင့်အတူတွဲလျက်"ကျွန်ုပ်၌မိတ်ဆွေကောင်းတစ်ယောက် ရှိပေသည်"ဟူသော သီချင်းကို သံပြိုင်ဆိုခဲ့ဖူး၏။ ဟာစ်တလာသည် ၎င်းမိတ်ဆွေကို သတ်ဖြတ်လိုက်ရုံမျှမက ထိုသူ၏ အကျင့်စာရိတ္တ အကြောင်းနှင့်ပတ်သက်၍ "သားပုပ်လေလွင့်" ပြောရစ်ကြသော

mgyoe.com